# မြန်မာနိုင်ငံ အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ
# ဘက်စုံလေ့လာမှု စစ်တမ်း
# ( ၂၀၀၉ - ၂၀၁၀ )

## ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်းဆိုင်ရာ အစီရင်ခံစာ









MINISTRY OF NATIONAL PLANNING AND ECONOMIC DEVELOPMENT
NAYPYITAW

Sida

unicef

UNDP

၂၀၁၁ - ဇွန်လ

# မြန်မာနိုင်ငံ အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှု စစ်တမ်း (၂၀၀၉-၂၀၁၀)

# ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်းဆိုင်ရာ အစီရင်ခံစာ


ပြုစုသူ

**IHLCA စီမံချက်ဆိုင်ရာ နည်းပညာယူနစ်**
ရန်ကုန်မြို့၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ။



ကူညီပံ့ပိုးသူများ

**အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန**
နေပြည်တော်၊ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ။

**ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်**
ရန်ကုန်မြို့၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ။

**ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့**
ရန်ကုန်မြို့၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ။

**ဆွီဒင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ**
ဘန်ကောက်မြို့၊ ထိုင်းနိုင်ငံ။

# ဥယျောဇဉ်

အိမ်ထောင်စု စားဝတ်နေရေးအခြေအနေ ဘက်စုံ လေ့လာမှု (IHLCA) လုပ်ငန်း စီမံကိန်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ၊ ကုလသမဂ္ဂနှင့် အခြားသော အမျိုးသားနှင့် နိုင်ငံတကာဆိုင်ရာ ပါဝင်ပတ်သက်သူများအား တိုင်းပြည်၏ စားဝတ်နေရေး အခြေအနေကို သိရှိ ဆုံးဖြတ်နိုင်ရန်အတွက် စာရင်းအင်းအချက်အလက်များကိုဖြည့်ဆည်းပေးပါသည်။ ပထမအကြိမ် တစ်နိုင်ငံလုံး လွှမ်းခြုံသည့် စစ်တမ်းကို ၂၀၀၄-၂၀၀၅ခုနှစ်တွင်ဆောင်ရွက်ခဲ့ပါသည်။ဤဒုတိယအကြိမ်စစ်တမ်းသည်စားဝတ်နေရေးနောက်ဆုံး အခြေအနေနှင့် ဆင်းရဲနွမ်းပါးမှု အဆင့်များကို ဖော်ပြဖြည့်ဆည်းပေးသည့်အပြင် အခြေအနေကို ကောင်းစွာ သိမြင်ပြီး ဆင်းရဲသူများ၏အကျိုးကိုရှေးရှုသည့် ဆုံးဖြတ်ချက် ချမှတ်မှုကို အထောက်အကူပြုမည့် နှိုင်းယှဉ်ချက်များနှင့် အလားအလာ စိစစ်ရန် အခွင့်အလမ်းများကိုလည်း ဖြည့်ဆည်း ပေးပါသည်။

IHLCA-II ၏ ယေဘုယျ ဒီဇိုင်းကို နှိုင်းယှဉ်နိုင်မှု ရယူနိုင်ရန် IHLCA-I ၏ ဒီဇိုင်းအတိုင်း ရွေးချယ်ခဲ့ပါသည်။ ထိုအကြောင်းကြောင့် စစ်တမ်းတွင် တွေ့ဆုံ မေးမြန်းသည့် အိမ်ထောင်စုပေါင်း၏ တစ်ဝက်ခန့်မှာ ၂၀၀၄-၂၀၀၅ခုနှစ်စစ်တမ်းမှ ထပ်တူအိမ်ထောင်စုများဖြစ်သဖြင့် ဆင်းရဲနွမ်းပါးမှုရွေ့လျားပြောင်းလဲခြင်းကို စိစစ်မှုပြုနိုင်ပါသည်။ စစ်တမ်းတွင်တစ်နိုင်ငံလုံးကိုယ်စားပြု နမူနာအိမ်ထောင်စုပေါင်း(၁၈,၆၆၀) ပါဝင်ခဲ့ပါသည်။ ပထမ စစ်တမ်းအတိုင်း ကွင်းဆင်း ဆောင်ရွက်သည့် လုပ်ငန်းအားလုံးကို နှစ်ကြိမ်ခွဲ၍ ဆောင်ရွက်ခဲ့ပါသည်။ ပထမအကြိမ်ကို၂၀၀၉ခုနှစ်ဒီဇင်ဘာလနှင့်၂၀၁၀ပြည့်နှစ် ဇန္နဝါရီလအတွင်း (ရိတ်သိမ်းချိန်အပြီး)ပြုလုပ်ပြီး၊ ဒုတိယအကြိမ်ကို ၂၀၁၀ပြည့်နှစ် မေလနောက်ပိုင်း (ရိတ်သိမ်းချိန် မတိုင်မီ)တွင် ပြုလုပ်ခဲ့ပါသည်။

စစ်တမ်းကို အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန(MNPED)၊ကုလသမဂ္ဂ ကလေးများရန်ပုံငွေ အဖွဲ့ (UNICEF)နှင့် ဆွီဒင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (Sida)တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။ စစ်တမ်းနည်းပညာနှင့် နည်းစနစ်မှာနိုင်ငံတကာတွင်ထိန်းသိမ်းကျင့်သုံးသည့်စံနှုန်းများအတိုင်းဖြစ်ပြီး လုပ်ငန်းစီမံကိန်းအဖွဲ့သည် ကမ္ဘာ့ဘဏ်၊ Statistics Sweden စသည့် အဖွဲ့အစည်းများ နှင့် UNICEF နှင့် UNDP တို့၏ နည်းပညာဆိုင်ရာ ဝန်ထမ်းများထံမှ ကျယ်ပြန့်သော နည်းပညာဆိုင်ရာ ကြီးကြပ်မှုနှင့် ကူညီပံ့ပိုးမှုကို ရရှိခဲ့ပါသည်။ ဤမိတ်ဖက်များသည် စစ်တမ်းလုပ်ငန်းစဉ်ကို စစ်တမ်းဒီဇိုင်းနှင့် နည်းပညာမှစ၍ အချက်အလက် စိစစ်သည်အထိ စောင့်ကြည့် စစ်ဆေးပေးခဲ့ပါသည်။

မြန်မာပြည်တွင်ဆောင်ရွက်ခဲ့သည့် စားဝတ်နေရေးအခြေအနေနှင့်ဆင်းရဲနွမ်းပါးမှုဆိုင်ရာစစ်တမ်းများအနက် အပြည့်စုံ၊ အကျယ်ပြန့်ဆုံးစစ်တမ်းတစ်ခုဖြစ်သည်နှင့်အညီ ဤစာရင်းအင်းဆိုင်ရာ အချက်အလက်များသည် ရည်ရွယ်ချက် အမျိုးမျိုးနှင့် ပါဝင်ပတ်သက်သူ မျိုးစုံတို့အတွက် အသုံးဝင်ပြီး တန်ဖိုးရှိမည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။ ထို့အပြင် ဤ စာရင်းအင်း အချက်အလက်များက အခြေအနေကို ကောင်းစွာ သိမြင်သည့် စီမံကိန်း ရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်း ပြုစေနိုင်ကာ နောက်ဆက်တွဲအဖြစ် မြန်မာပြည်သူများ၏ လူနေမှုဘဝ ပြည့်စုံ ဖူလုံမှုတွင် တိုးတက်မှုများ ဖြစ်စေလိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

**ဘစ်ရှိုး ပါရာဂျူလီ**
**ဌာနေကိုယ်စားလှယ်၊ ယူအင်ဒီပီ၊**
**မြန်မာနိုင်ငံ**

**ဒေါ်လှဲ့လှဲ့သိန်း**
**ညွှန်ကြားရေးမှူးချုပ်**
**စီမံကိန်း ရေးဆွဲရေး ဦးစီးဌာန**

# ကျေးဇူးတင်လွှာ

အိမ်ထောင်စု စားဝတ်နေရေးအခြေအနေဘက်စုံလေ့လာမှု IHLCA စစ်တမ်းကောက်ယူလေ့လာရေးအဖွဲ့သည်အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီးအားစားဝတ်နေရေးအခြေအနေ၏ အရေးအတွက်ဆိုင်ရာ လေ့လာမှုသည် အစိတ်အပိုင်းတစ်ခုအနေဖြင့်ပါဝင်သည့်အိမ်ထောင်စုစားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှု (IHLCA)ကို ပံ့ပိုးကူညီမှုအတွက် အထူးကျေးဇူးဥပကာရ တင်ရှိပါသည်။ IHLCAဦးဆောင်ကော်မတီနှင့် IHLCAနည်းပညာကော်မတီတို့ကိုလည်းလမ်းညွှန်မှုနှင့်ပံ့ပိုးကူညီမှုတို့အတွက် အထူးကျေးဇူးတင်ရှိပါသည်။ လေ့လာရေးအဖွဲ့သည် စစ်တမ်းကို ကွင်းဆင်းကောက်ယူမှု လုပ်ငန်းများ ဆောင်ရွက်ရာ၌ အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့သည့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန(PD)၊ အထူးသဖြင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဒေါ်လဲ့လဲ့သိန်း၊ စီမံကိန်း ရေးဆွဲရေး ဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် IHLCA စီမံချက်၏ အမျိုးသား စီမံကိန်း ဒါရိုက်တာ ဖြစ်သူ ဒေါ်ဝင်းမြင့်၊ ဗဟိုစာရင်းအင်းအဖွဲ့(CSO)၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဦးထွန်းထွန်းနိုင်တို့ကို အသိအမှတ်ပြု မှတ်တမ်းတင်အပ်ပါသည်။

အမျိုးသားအာဟာရ ဖွံ့ဖြိုးရေးနှင့်သုတေသနဌာန၊ ကျန်းမာရေး စီမံကိန်းဦးစီးဌာန၊ ရန်ကုန် စီးပွားရေး တက္ကသိုလ်၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ စိုက်ပျိုးရေး စီမံကိန်းဦးစီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနနှင့် ပြည်သူ့အင်အားဦးစီးဌာန တို့ကလည်း နောက်ထပ် ပါဝင် ပံ့ပိုး ကူညီပေးခဲ့ကြပါသည်။

IHLCAစစ်တမ်းများကို ထောက်ပံ့ကူညီပေးခဲ့သည့်အတွက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် အထူးသဖြင့် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့် UNDPဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Bishow Parajuli၊ UNDP အကြီးတန်း ဒုတိယဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Akbar Usmani၊ UNDPဒုတိယဌာနေကိုယ်စားလှယ် ဖြစ်သူ Mr. Sanaka Samarasinha နှင့် UNDP လက်ထောက် ဌာနေ ကိုယ်စားလှယ် ဦးမင်းထွဋ်ယဉ် တို့ကို အထူးကျေးဇူး တင်ရှိပါသည်။ UNICEF မှ လူမှုရေးဆိုင်ရာ မူဝါဒနှင့် စီမံကိန်း ရေးဆွဲခြင်း စောင့်ကြည့် စစ်ဆေးခြင်း နှင့် အကဲဖြတ်ခြင်းဆိုင်ရာ ဌာန အကြီးအကဲ Ms. Yoshimi Nishino နှင့် Sida မှ ကောင်စစ်ဝန် Mr. Jörgen Schönning တို့ကို စီမံကိန်းအလုပ်များတွင် ထက်သန်သော စိတ်ပါဝင်စားမှုနှင့် ထောက်ပံ့ ကူညီမှု တို့အတွက် အထူးတလည် ကျေးဇူးတင်ရှိပါသည်။

# မာတိကာ

**ဥယျောဇဉ်**........................................................................................................i
**ကျေးဇူးတင်လွှာ**.....................................................................................................iii
**အတိုကောက် စကားလုံးများ**......................................................................................vii
**ဇယားများ စာရင်း**....................................................................................................ix
**ပုံများ စာရင်း**........................................................................................................ix
**အစီရင်ခံစာ အကျဉ်းချုပ်**.........................................................................................xi
**၁ ။ နိဒါန်း**...............................................................................................................၁
၁-၁ ။ နောက်ခံအကြောင်းအရာ.......................................................................................၁
၁-၂ ။ အချက်အလက်ဇာစ်မြစ်များ၊ ကောက်ယူခြင်း နှင့် စိစစ်ခြင်း........................................၂
၁-၃ ။ နမူနာကောက်ယူခြင်း ကိစ္စရပ်များ..........................................................................၃
၁-၄ ။ ဆင်းရဲနွမ်းပါးမှုရွေ့လျားပြောင်းလဲခြင်းဆိုင်ရာအစီရင်ခံစာ၏ စီစဉ်ဖွဲ့စည်းမှုပုံစံနှင့် ရည်ရွယ်ချက်များ...........................................................................................................၅
**၂ ။ ဆင်းရဲနွမ်းပါးမှုရွေ့လျားပြောင်းလဲခြင်း (အယူအဆများ၊ အဓိပ္ပာယ် ဖွင့်ဆိုချက်များနှင့် နည်းလမ်းများ)**.........၇
၂-၁ ။ ဆင်းရဲနွမ်းပါးသူအရေအတွက် နှင့် ဆင်းရဲနွမ်းပါးမှုရွေ့လျားစီးဆင်းခြင်း နှိုင်းယှဉ်ချက်..............၇
၂-၂ ။ ရွေ့လျားစီးဆင်းမှုများအား ရှင်းလင်းဖော်ပြခြင်း.........................................................၉
၂-၃ ။ ဆင်းရဲနွမ်းပါးဖြစ်လွယ်မှုနှင့် ၎င်း၏ဇာစ်မြစ်များ.......................................................၁၂
၂-၄ ။ နည်းပညာဆိုင်ရာ ပြဿနာများ...............................................................................၁၄
**၃ ။ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်း**.............................................၁၇
**၄ ။ တုန်လှုပ်ဖွယ်ရာ ရုတ်ခြည်းအဖြစ်အပျက်များနှင့် ဖိစီးမှုများ**.......................................၁၉
**၅ ။ လူဦးရေဆိုင်ရာ ပင်ကိုလက္ခဏာများ**.....................................................................၂၁
၅-၁ ။ အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာ ပင်ကိုလက္ခဏာများ.............................................၂၁
၅-၂ ။ လုပ်ငန်းအမျိုးအစား.............................................................................................၂၂
၅-၃ ။ အလုပ်အကိုင်အမျိုးအစား......................................................................................၂၃
၅-၅ ။ လုပ်သားနှင့်အလုပ်လက်မဲ့ဖြစ်မှု............................................................................၂၆
၅-၆ ။ အိုးအိမ်၊ သောက်သုံးရေ နှင့် အညစ်အကြေး သန့်ရှင်းရေးစနစ်........................................၂၇
၅-၇ ။ ကျန်းမာရေး နှင့် အာဟာရ....................................................................................၂၉
၅-၈ ။ ပညာရေး.............................................................................................................၃၀
**၆ ။ ဖြေရှင်းမှု နှင့် ဘဝရှင်သန်မှုဆိုင်ရာ မဟာဗျူဟာများ**.................................................၃၃
**၇ ။ အကျဉ်းချုပ် နှင့် နိဂုံးချုပ်**......................................................................................၃၅

# အတိုကောက် စကားလုံးများ

| | |
|---|---|
| DDR | Demographic Dependency Ratio<br>လူဦးရေဆိုင်ရာ မှီခိုမှု အချိုး |
| EDR | Economic Dependency Ratio<br>စီးပွားရေးအရ မှီခိုမှုအချိုး |
| FHH | Female Headed Household<br>အမျိုးသမီးဦးစီးသည့် အိမ်ထောင်စု |
| Sida | Swedish International Development Cooperation Agency<br>ဆွီဒင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ |
| UNICEF | United Nations Children's Fund<br>ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေ အဖွဲ့ |

## ဇယားများ စာရင်း

ဇယား ၁ ။ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု အကူးအပြောင်းများ ....................................................................................၁၈
ဇယား ၂ ။ ရုတ်ခြည်းအဖြစ်အပျက်များနှင့် ဖိစီးမှုများ ....................................................................................................၁၉
ဇယား ၃ ။ အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာ ပင်ကိုလ်လက္ခဏာများ ...........................................................................၂၁
ဇယား ၄ ။ စီးပွားရေးအရ အလုပ်လုပ်ကိုင်သူတို့၏ လုပ်ငန်းအမျိုးအစား .........................................................................၂၂
ဇယား ၅ ။ စီးပွားရေးအရ အလုပ်လုပ်ကိုင်သူများ၏ အလုပ်အကိုင်အမျိုးအစားများ .........................................................၂၄
ဇယား ၆ ။ အရင်းအနှီးပိုင်ဆိုင်မှု နှင့် လက်လှမ်းမီရရှိမှု..................................................................................................၂၅
ဇယား ၇ ။ လုပ်သားအင်အားပါဝင်မှုနှုန်း နှင့် အလုပ်အကိုင်ရှိမှု .......................................................................................၂၆
ဇယား ၈ ။ အိုးအိမ်၊ သောက်သုံးရေ နှင့် အညစ်အကြေး သန့်ရှင်းရေးစနစ် .........................................................................၂၈
ဇယား ၉ ။ ကျန်းမာရေး နှင့် အာဟာရ ...........................................................................................................................၂၉
ဇယား ၁၀ ။ ပညာရေး...................................................................................................................................................၃၀
ဇယား ၁၁ ။ ဖြေရှင်းမှုနှင့်ဘဝရှင်သန်မှုဆိုင်ရာမဟာဗျူဟာများ ..........................................................................................၃၃

## ပုံများ စာရင်း

ပုံ ၁ ။ ဆင်းရဲနွမ်းပါးသူအရေအတွက် နှင့် ရွေ့လျားစီးဆင်းမှုများ ...............................................................................၉
ပုံ ၂ ။ ဆင်းရဲနွမ်းပါးမှု အမျိုးအစားများနှင့် ပြောင်းလဲပုံလမ်းကြောင်းများ ................................................... ၁၀
ပုံ ၃ ။ ဆင်းရဲနွမ်းပါး ဖြစ်လွယ်မှု သံသရာ...................................................................................... ၁၃

# အစီရင်ခံစာ အကျဉ်းချုပ်

## ၁ ။ နိဒါန်း

ဆင်းရဲနွမ်းပါးမှုရွေ့လျားပြောင်းလဲခြင်းဆိုင်ရာ အစီရင်ခံစာ က IHLCA ပထမအကြိမ်နှင့် ဒုတိယအကြိမ် စစ်တမ်းများ၏ ထပ်တူနမူနာယူနစ်များ အစိတ်အပိုင်းမှ ရလဒ်များကိုဖော်ပြပါသည်။ အဓိက အချက်မှာ အဘယ်ကြောင့် လူအများ ဆင်းရဲသွားကြသည်၊ ဆင်းရဲခြင်းမှ လွတ်မြောက်သွားကြသည်နှင့် ဆင်းရဲနေဆဲဖြစ်သည်ဆိုသည့် မေးခွန်းအပေါ် ရှင်းလင်းဖော်ပြရန် ဖြစ်ပါသည်။ ပြုစုသတ်မှတ်ထားသည့် ပုံစံများအရ ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်းဆိုင်ရာ အစီရင်ခံစာက အကြောင်းအရာများကို အပိုင်းအလိုက် လေ့လာသွားပါသည်။ ၎င်းတို့မှာ အယူအဆများ၊ အဓိပ္ပာယ် ဖွင့်ဆိုချက် များနှင့် နည်းလမ်းများ (အပိုင်း ၂)၊ မြန်မာနိုင်ငံအတွင်း ဒေသအလိုက်ဆင်းရဲနွမ်းပါးမှု ရွေ့လျား ပြောင်းလဲခြင်း ဆိုင်ရာ အတိုင်းအတာ (အပိုင်း ၃)၊ တုန်လှုပ်ဖွယ်ရာ ရုတ်ချည်းအဖြစ်အပျက်များနှင့် ဖိအားများ (အပိုင်း ၄)၊ လူဦးရေဆိုင်ရာပင်ကိုလက္ခဏာများ (အပိုင်း ၅)၊ ဖြေရှင်းမှုနှင့် ဘဝရှင်သန်မှုဆိုင်ရာ မဟာဗျူဟာများ (အပိုင်း ၆) နှင့် အကျဉ်းချုပ်နှင့် နိဂုံးချုပ် (အပိုင်း ၇) တို့ဖြစ်ပါသည်။

## ၂ ။ အယူအဆများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များ နှင့် နည်းလမ်းများ

ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်းသည် လူအများ ဆင်းရဲသွားခြင်းနှင့် ဆင်းရဲခြင်းမှ လွတ်မြောက်ခြင်း၏ ရွေ့လျားစီးဆင်းမှုအကြောင်းကို ဖော်ပြခြင်းဖြစ်၍ အချိန်ကာလတစ်ရပ် သို့မဟုတ် အချိန်မှတ်ကာလများ အတွင်းဆင်းရဲနွမ်းပါးသူ အရေအတွက်အကြောင်းကိုသာ ဖော်ပြခြင်းမဟုတ်ပါ။ သို့ဖြစ်ပါ၍ တစ်စုံတစ်ဦး အတွက် လူဦးရေအချိုးအစား (၄) မျိုးကို ခွဲခြားသိမြင်စေပါသည်။ ၎င်းတို့မှာ ဆင်းရဲသွားသူများ၊ ဆင်းရဲခြင်းမှ လွတ်မြောက်သူများ၊ တာရှည်ဆင်းရဲသူများနှင့် မဆင်းရဲသူများဟူ၍ဖြစ်ပါသည်။ ၎င်းနောက် ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်းက ရွေ့လျားစီးဆင်းမှု၏ သဘောသဘာဝ အပေါ် ပိုမို ပီပြင်သော ဆန်းစစ်မှု၊ ဆင်းရဲနွမ်းပါးဖြစ်လွယ်ခြင်းအပေါ် ဆန်းစစ်မှု နှင့် ၎င်း၏အကြောင်းဇာစ်မြစ်များကို ဂရုပြုဖော်ပြပါသည်။

*ဆင်းရဲနွမ်းပါးမှုရွေ့လျားပြောင်းလဲခြင်းဆိုင်ရာ အစီရင်ခံစာ* ၏ ဆန်းစစ်မှုက IHLCA စစ်တမ်းများ၏ ထပ်တူနမူနာယူနစ်များ အစိတ်အပိုင်းများကို အသုံးပြုပါသည်။ နည်းပညာဆိုင်ရာ ချဉ်းကပ်မှုမှာ အထက်တွင် ဖော်ပြခဲ့သည့် ဆင်းရဲနွမ်းပါးမှု ကူပြောင်းခြင်းဆိုင်ရာ ဖြန့်စီကိန်းများ၏ အမျိုးအစား (၄) မျိုး နှင့် ပတ်သက်သည့် သရုပ်ဖော်စာရင်းအင်းအချက်အလက်များကို ဖော်ပြရန်ဖြစ်ပါသည်။ ဆင်းရဲနွမ်းပါးဖြစ်လွယ်မှု နှင့် ပတ်သက်၍ ဆွေးနွေးချက်ပြီးလျှင် တုန်လှုပ်ဖွယ်ရာ ရုတ်ခြည်းအဖြစ်အပျက်များနှင့်ဖိအားများ၊ လူဦးရေဆိုင်ရာ ပင်ကို လက္ခဏာများ၊ ဖြေရှင်းမှုများနှင့် ဘဝရှင်သန်မှုဆိုင်ရာ မဟာဗျူဟာများနှင့် ပတ်သက်သည့် ကိန်းဂဏန်း အချက်အလက်များကို ဖော်ပြထားပါသည်။

## ၃ ။ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်း

ယေဘုယျအားဖြင့် ဆင်းရဲသွားမှုများ နှင့် ဆင်းရဲခြင်းမှ လွတ်မြောက်မှုများပါဝင်သည့် ဆင်းရဲနွမ်းပါးမှု အကူးအပြောင်း(ခဏပန်းဆင်းရဲခြင်း)မှာ မြန်မာနိုင်ငံတွင် သိသာသော ထူးခြားဖြစ်စဉ်တစ်ရပ်အဖြစ် ဖြစ်ပေါ်လျက်ရှိပါသည်။ ဆင်းရဲနွမ်းပါးမှု အကူးအပြောင်း(ခဏပန်းဆင်းရဲခြင်း)မှာ တာရှည်ဆင်းရဲနွမ်းပါးမှု

၏ ၃ ဆနီးပါးခန့်ရှိပြီး အိမ်ထောင်စုများ၏ ၂၈% ရှိ၍ တာရှည်ဆင်းရဲနွမ်းပါးမှုမှာ ၁၀% ခန့်သာရှိကာ ဆင်းရဲသွားသူများနှင့် ဆင်းရဲခြင်းမှလွတ်မြောက်သူများမှာလည်း သိသာသည့် အရေအတွက်များ ရှိကြပါသည်။ (အိမ်ထောင်စုများ ၏ ၁၁.၃% နှင့် ၁၆.၅% အသီးသီးရှိပါသည်)။ ကျေးလက်နှင့်မြို့ပြ ဒေသနှစ်ခုလုံးတွင် ဆင်းရဲနွမ်းပါးမှုအကူးအပြောင်း (ခဏပန်းဆင်းရဲမှု) မှာ နှိုင်းယှဥ်မှုအရ တာရှည် ဆင်းရဲနွမ်းပါးမှု ထက်မြင့်မားကြပြီး ၁၉% မှာ ၅% နှင့် ယှဥ်၍လည်းကောင်း ၃၁% မှာ ၁၂% နှင့် ယှဥ်၍လည်းကောင်း အသီးသီးမြင့်မားကြပါသည်။ ဤပုံစံအနေအထားမှာ ပြည်နယ်နှင့်တိုင်း ဒေသကြီးများ အားလုံးတွင် ထပ်တလဲလဲ ဖြစ်ပေါ်လျက်ရှိသော်လည်း မြင့်မားသော စံများယွင်းချက်များက အဓိပ္ပာယ် ဖော်ဆောင်ရာတွင် ချိန်ဆသတိပြုရန် နှိုးဆော်လျက်ရှိပါသည်။ စိတ်ဝင်စားဖွယ်ကောင်း သည်မှာ ဆင်းရဲနွမ်းပါးမှုနှုန်း နိမ့်ကျသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ဆင်းရဲနွမ်းပါးမှုနှုန်း မြင့်မားသည့် ချင်းပြည်နယ် တို့ ကဲ့သို့သော ပြည်နယ်တိုင်းဒေသကြီးများတွင် ဆင်းရဲနွမ်းပါးမှု အကူးအပြောင်း(ခဏပန်းဆင်းရဲနွမ်းပါးမှု) အဆင့် အသီးသီးမြင့်မား ဖြစ်ပေါ်နေခြင်းပင်ဖြစ်သည်။

## ၄ ။ တုန်လှုပ်ဖွယ်ရာရုတ်ချည်း အဖြစ်အပျက်များနှင့် ဖိအားများ

မုန်တိုင်းများ၊ရေလွှမ်းမိုးမှုများနှင့်ရေသေဝန်းရံဖုံးလွှမ်းမှုများမှာ ဆင်းရဲသွားမှုများနှင့် ပိုမိုဆက်စပ်လျက်ရှိကာ တာရှည်ဆင်းရဲမှုမှာ မိုးခေါင်ခြင်းများနှင့် ပိုမိုဆက်စပ်မှုရှိပါသည်။ ဆင်းရဲခြင်းမှလွတ်မြောက်သွားသော အိမ်ထောင်စုများမှာ ဆင်းရဲသွားသူများထက် မုန်တိုင်းများ၊ ရေလွှမ်းမိုးမှုများ၊ ရေသေဝန်းရံဖုံးလွှမ်းမှုများ၏ ထိခိုက်မှုဒဏ်လျော့နည်းခံကြရပါသည်။ သို့သော်မိုးခေါင်မှုဒဏ်ကို ပိုမိုခံကြရပါသည်။ ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူများနှင့် တာရှည်ဆင်းရဲနွမ်းပါးသူများအား နှိုင်းယှဥ်ပါက ဆင်းရဲခြင်းမှ လွတ်မြောက် သွားသူများက မိုးခေါင်မှုဒဏ်ကိုလျော့နည်း ခံကြရပြီး ရေသေဝန်းရံဖုံးလွှမ်းနေမှုဒဏ်ကိုလည်း လျော့နည်း ခံကြရသော်လည်း ရေလွှမ်းမိုးမှုနှင့် မုန်တိုင်းဒဏ်ကို ပိုမိုခံကြရပါသည်။ အချုပ်အားဖြင့် မုန်တိုင်းများ၊ ရေလွှမ်းမိုးမှုများနှင့် ရေသေဝန်းရံဖုံးလွှမ်းမှုများမှာ တာရှည်ဆင်းရဲနွမ်းပါးမှု (သို့မဟုတ်) ဆင်းရဲခြင်းမှ လွတ်မြောက်မှုများ ထက်ဆင်းရဲသွားမှုများနှင့် ပိုမိုနီးနီးစပ်စွာ ဆက်သွယ်မှုရှိပါသည်။ အခြားတစ်ဖက်တွင် မိုးခေါင်မှုများမှာ ဆင်းရဲတွင်း သို့သက်ဆင်းစေသည့် အဓိက တုန်လှုပ်ဖွယ်ရာ ရုတ်ခြည်းအဖြစ်အပျက် တစ်ရပ်အဖြစ် ဖြစ်ပေါ်ဟန်မတူပါ။

## ၅ ။ လူဦးရေဆိုင်ရာ ပင်ကိုလက္ခဏာများ

### ၅-၁ ။ (အိမ်ထောင်စုများ၏) လူဦးရေဆိုင်ရာ ပင်ကိုလက္ခဏာများ

တာရှည်ဆင်းရဲနွမ်းပါးမှုထက် ဆင်းရဲနွမ်းပါးသွားမှုများနှင့် ပိုမိုနီးစပ်စွာ ဆက်နွယ်မှုရှိသော တစ်ခုတည်း သော ကိန်းရှင်မှာ စီးပွားရေးအရ မှီခိုမှုအချိုး (EDR) ဖြစ်ပါသည်။ မှတ်သားသင့်သည်မှာ ၂၀၁၀ ဆင်းရဲနွမ်းပါးမှု အခြေအနေ နှင့် EDR မှာပြောင်းပြန်ဆက်နွယ်မှု ရှိသော်လည်း ဆင်းရဲနွမ်းပါးမှု အကူး အပြောင်း(ခဏပန်းဆင်းရဲနွမ်းပါးမှု)အတွက် EDR ၏ အရေးကြီးမှုမှာ ဆက်လက်ရှိနေဆဲ ဖြစ်ပါသည် (ဆင်းရဲနွမ်းပါးမှုအခြေအနေ၏ အပိုင်း ၃-၂-၂ ကိုကြည့်ပါ)။ ဆင်းရဲခြင်းမှ လွတ်မြောက်သွားသည့် အိမ်ထောင်စုများမှာ ဆင်းရဲနွမ်းပါးသွားသူများနှင့် တာရှည် ဆင်းရဲသူများထက် ပိုမိုသေးငယ်သော အိမ်ထောင်စုအရွယ်ရှိ၍ အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများလည်း ဖြစ်နိုင်ပါသည်။ ၂၀၁၀ ပြည့်နှစ်၏ ဆင်းရဲသူအတွက် EDR ညွှန်ကိန်း၏ တန်ဖိုး(၀.၆၂)မှာ ဆင်းရဲသွားသူများ (၀.၆၉) နှင့် တာရှည်ဆင်းရဲသူများ (၀.၅၇) ၏ညွှန်ကိန်းတန်ဖိုးများကြားတွင် ရှိ၍ လူဦးရေ အုပ်စုများအကြား သိသာသော ခြားနားမှုများကို ဖုံးကွယ်ထားပါသည်။ အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာ မှီခိုမှု အချိုးမှာ ကူးပြောင်းမှု ဖြန့်စီကိန်းရှိ

ဆင်းရဲသူအမျိုးအစားအားလုံးအတွက် တူညီမှုရှိပါသည်။ အချုပ်အားဖြင့် အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာ ပင်ကိုလက္ခဏာများ၊ အထူးသဖြင့် စီးပွားရေးအရမှီခိုမှု အချိုးက အလုပ်အကိုင် ဆုံးရှုံးမှု (သို့မဟုတ်) အလုပ်မလုပ်ကိုင်နိုင်မှုတို့သည် တာရှည်ဆင်းရဲနွမ်းပါးမှုထက် ဆင်းရဲတွင်း သက်ဆင်းမှုများနှင့် ပိုမိုနီးစပ်စွာ ဆက်နွယ်မှုရှိကြောင်း နှင့် (သေးငယ်သော) မိသားစုအရွယ်မှာ ဆင်းရဲနွမ်းပါးခြင်းမှ လွတ်မြောက် မှုများနှင့် နီးစပ်စွာ ဆက်နွယ်မှုရှိကြောင်း ညွှန်ပြပါသည်။

## ၅-၂ ။ လုပ်ငန်းအမျိုးအစား

ဆင်းရဲနွမ်းပါးသွားသူများမှာ တာရှည်ဆင်းရဲသူများထက် ကုန်ချောပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီလက္ကားရောင်းဝယ်ရေး / ပြင်ဆင်ရေးနှင့် အခြားလုပ်ငန်းများနှင့် ပိုမိုဆက်နွယ်မှုရှိပြီး စိုက်ပျိုးမွေးမြူရေး နှင့် ဆက်နွယ်မှု နည်းပါးပါသည်။ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ဆင်းရဲခြင်းမှ လွတ်မြောက်သူများ၏ အဓိကစီးပွားရေး လုပ်ဆောင်ချက်မှာ တာရှည်ဆင်းရဲနွမ်းပါးသူတို့၏ စီးပွားရေး လုပ်ဆောင်ချက်နှင့် ဆင်တူပါသည်။ သို့သော် ဆင်းရဲခြင်းမှ လွတ်မြောက်သူများမှာ ငါးဖမ်းခြင်းလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်မှု နည်းပါးဟန်ရှိပြီး လက်လီလက္ကားရောင်းဝယ်ရေး / ပြင်ဆင်ရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်မှု ပိုမိုဟန်ရှိပါသည်။ ၂၀၁၀ ပြည့်နှစ်တွင် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းရှိ ဆင်းရဲသူ ရာခိုင်နှုန်း (၆၁%) မှာ ဆင်းရဲသွားသူများ (၅၆%) နှင့် တာရှည်ဆင်းရဲသူများ (၆၇%) ၏ ရာခိုင်နှုန်း တန်ဖိုးများကြားတွင်ရှိသော သိသာသည့်ခြားနားမှုများကို ဖုံးကွယ်ထားပါသည်။ အချုပ်အားဖြင့် မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု အကူးအပြောင်း ဖြန့်စီကိန်းတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် အားလုံးသော အုပ်စုများ၏ အဓိကစီးပွားရေး လုပ်ဆောင်ချက် အဖြစ် မယှဉ်သာအောင် ဖြစ်နေစဉ် ဆင်းရဲသွားသူများမှာ တာရှည်ဆင်းရဲသူများထက် ကုန်ချောပစ္စည်း ထုတ်လုပ်မှု လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း နှင့် လက်လီလက္ကားရောင်းဝယ်ရေး / ပြင်ဆင်ရေးလုပ်ငန်းများနှင့် ဆက်နွယ်မှု ပိုမိုများပြားစွာ ရှိသည်ဟု ယူဆရပါသည်။ ကုန်ချောပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၊ ဆောက်လုပ်ရေး လုပ်ငန်းနှင့် လက်လီလက္ကား ရောင်းဝယ်ရေး၊ ပြင်ဆင်ရေးလုပ်ငန်းများမှာလည်း ဆင်းရဲနွမ်းပါးခြင်းမှ လွတ်မြောက်သွားသူများနှင့် ပိုမိုနီးစပ်စွာ ဆက်နွယ်မှု ရှိပါသည်။ ယေဘုယျအားဖြင့် ဤကိန်းဂဏန်းအချက်အလက်များက လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ တာရှည်ဆင်းရဲနွမ်းပါးမှုအတွက် အဓိကမူဝါဒဆက်စပ်ချက်ဖြစ်နေသင့်သော်လည်း အခြားကဏ္ဍများမှာ ဆင်းရဲသွားခြင်းကို ကြိုတင်ဟန့်တားရန်နှင့် ဆင်းရဲခြင်းမှ လွတ်မြောက်နိုင်မှုကို တိုးတက်လာစေရန် ပိုမိုအရေးကြီးလာပြီဖြစ်ကြောင်း ညွှန်ပြပါသည်။

## ၅-၃ ။ အလုပ်အကိုင်အမျိုးအစား

အလုပ်အကိုင်အမျိုးအစားအရ ဖော်ပြရပါလျှင် ဆင်းရဲနွမ်းပါးသွားသူများနှင့် တာရှည်ဆင်းရဲနေသူများ၏ အခြေအနေမှာ အလွန်တူညီပါသည်။ သို့သော် တာရှည်ဆင်းရဲနေသူများမှာ ကျပန်းလုပ်သားများ ပိုမိုဖြစ်ဖွယ်ရှိပါသည်။ ဆင်းရဲခြင်းမှလွတ်မြောက်သူများမှာ ကျပန်းလုပ်သားများထက် လုပ်ငန်းရှင်များ၊ ကိုယ်ပိုင်အလုပ်ကိုယ်တိုင် လုပ်ကိုင်သူများ ပိုမိုဖြစ်ဖွယ်ရှိပါသည်။ အချုပ်အားဖြင့် တာရှည် ဆင်းရဲသူများနှင့် ဆင်းရဲသွားသူများကြားတွင် အလုပ်အကိုင်အမျိုးအစားနှင့် ပတ်သက်၍ ကြီးမားသော ခြားနားမှုများမရှိပါ။ *ဆင်းရဲနွမ်းပါးမှုအခြေအနေ အစီရင်ခံစာ*တွင် တွေ့ရှိရသည့် ကျပန်းလုပ်သားနှင့် ဆင်းရဲနွမ်းပါးမှု၏ တိုးမြင့်လာသည့် ဆက်နွယ်မှုမှာ တစ်စိတ်တစ်ပိုင်းအားဖြင့် ကျပန်းလုပ်သားများကြောင့် ဆင်းရဲနွမ်းပါးသူ အသစ်ဦးရေတိုးပွားလာခြင်းကြောင့် ဖြစ်ပြီး တာရှည်ဆင်းရဲသူများအကြားတွင် ကျပန်းလုပ်သား တိုးပွားလာခြင်းအကြောင်း သက်သက်ကြောင့် မဟုတ်ကြောင်း တွေ့ရှိရပါသည်။

## ၅-၄ ။ အရင်းအနှီးပိုင်ဆိုင်မှု နှင့် လက်လှမ်းမီရရှိမှု

ဆင်းရဲသွားသည့်အိမ်ထောင်စုများမှာ တာရှည်ဆင်းရဲသူများထက် လယ်ယာစိုက်ပျိုးမြေပိုင်ဆိုင်ပြီး မြေမဲ့ယာမဲ့များမဟုတ်ကြပါ။ ဆင်းရဲခြင်းမှ လွတ်မြောက်သွားသည့် အိမ်ထောင်စုများမှာ ဆင်းရဲသွားသူများနှင့် တာရှည်ဆင်းရဲသူများထက် လယ်ယာစိုက်ပျိုးမြေ ပိုမိုပိုင်ဆိုင်ကြပြီး မြေယာမဲ့များ မဟုတ်ကြပါ။ ချေးငွေအားလက်လှမ်းမီ ရရှိမှုမှာ ဆင်းရဲသူအမျိုးမျိုးကြားတွင် တူညီကြပါသည်။ အချုပ်အားဖြင့် အရင်းအနှီးပိုင်ဆိုင်မှု၏ ကိန်းဂဏန်းအချက်အလက်များက ဆင်းရဲနွမ်းပါးခြင်းမှ လွတ်မြောက်မှု၏ ဆက်စပ်မှုတစ်ခုအဖြစ် လယ်ယာစိုက်ပျိုးမြေအရွယ် ၏ အရေးကြီးမှုကို ညွှန်ပြပြီး ယင်းအချက်က တာရှည်ဆင်းရဲနေသူများအား ဆင်းရဲသွားသူများမှ ကွဲပြားခြားနားစေသည်ဆိုသည့် အချက်ကိုလည်း ညွှန်ပြပါသည်။ *ဆင်းရဲနွမ်းပါးမှု အစီရင်ခံစာ*တွင် တွေ့ရှိရသည့် အလွန်ဆင်းရဲသူများအကြား မြေယာမဲ့များ တိုးပွားလာမှုမှာ တစ်စိတ်တစ်ပိုင်းအားဖြင့် ဆင်းရဲသွားသူများက ဆင်းရဲခြင်းမှ လွတ်မြောက်သူများထက် ပိုမို များပြားပြီး (၂၉.၃% နှင့် ၂၃.၈% အသီးသီးရှိပါသည်) ၎င်းတို့မှာလည်း မြေယာမဲ့များ သို့မဟုတ် မြေယာမဲ့ဖြစ်သွားသူများ ဖြစ်ကြခြင်းကြောင့် ဖြစ်ပါသည်။

## ၅-၅ ။ လုပ်သား နှင့် အလုပ်လက်မဲ့

ဆင်းရဲသွားသည့် အိမ်ထောင်စုများ မှာ တာရှည်ဆင်းရဲသူများထက် လုပ်သားအင်အားပါဝင်မှုနှုန်းများ နိမ့်ကျပြီး အလုပ်လက်မဲ့နှုန်းများမြင့်မားကြပါသည်။ ဆင်းရဲခြင်းမှ လွတ်မြောက်သွားသည့် အိမ်ထောင်စုများမှာ ဆင်းရဲသွားသူများနှင့် တာရှည်ဆင်းရဲသူများထက် အလုပ်လက်မဲ့နှုန်းများ နိမ့်ကျသော်လည်း တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်းများ မြင့်မားကြပါသည်။ သိသာထင်ရှားသည့်အချက်မှာ ယေဘုယျအားဖြင့် လုပ်သားအင်အား ပါဝင်မှုနှုန်းများ မြင့်မားကြ၍ တာရှည်ဆင်းရဲသူများကြားတွင်ပင် မြင့်မားလျက်ရှိသော်လည်း ပေါ်လွင်အလုပ်လက်မဲ့နှုန်းမှာ နိမ့်ကျနေပါသည်။ အချုပ်အားဖြင့် လုပ်သားအင်အားနှင့် အလုပ်အကိုင်ရရှိမှု၏ ကိန်းဂဏန်း အချက်အလက်များက စီးပွားရေးအရ မှီခိုမှုအချိုးနှင့် ပတ်သက်သည့် ကနဦးတွေ့ရှိချက်များကို ခိုင်မာစေပါသည်။ ယင်းအချက်များမှာ အလုပ်အကိုင်မရှိမှု၊ အလုပ်အကိုင် ဆုံးရှုံးမှု သို့မဟုတ် အလုပ်မလုပ်ကိုင်နိုင်မှုတို့မှာ ဆင်းရဲတွင်းသက်ဆင်းသွားသူများနှင့် ဆက်နွယ်မှုရှိသည်ဆိုသည့် အချက်များ ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ အလွန်မြင့်မားသော လုပ်သားအင်အားပါဝင်မှုနှုန်းများနှင့် နိမ့်ကျသော အလုပ်လက်မဲ့နှုန်းများက ဆင်းရဲနွမ်းပါးမှု အစီရင်ခံစာ (အပိုင်း ၅) တွင် အရေးကြီးသည့် ကောက်ချက်ဖြစ်သည့် အလုပ်အကိုင်မရှိမှုမှာ ဆင်းရဲနွမ်းပါးမှုအတွက် အဓိကပံ့ပိုးသော အချက်တစ်ခု မဟုတ်ကြောင်းကို အတည်ပြု ဖော်ပြပါသည်။

## ၅-၆ ။ အိုးအိမ်၊ သောက်သုံးရေ နှင့် အညစ်အကြေးသန့်ရှင်းရေးစနစ်

ဤညွှန်ကိန်းများနှင့် ပတ်သက်၍ လူဦးရေအုပ်စုများတွင် ဆက်စပ်ညီညွတ်မှုရှိသော အဆင့်တစ်ခုရှိပါသည်။ တာရှည်ဆင်းရဲသူများမှာ အဆိုးဝါးဆုံး အဆင့်တွင် ရှိ၍ ၎င်းနောက် ဆင်းရဲသွားသူများ၊ ဆင်းရဲခြင်းမှ လွတ်မြောက်သူများ နှင့် မဆင်းရဲသူများ အစဉ်အလိုက် လိုက်ပါလာပါသည်။ ညွှန်ကိန်းနှင့် ပတ်သက်၍ တာရှည်ဆင်းရဲသူများ၏ နိုင်းယှဉ်ရပ်တည်ချက်မှာ သိသာထူးခြားသဖြင့် တာရှည်ဆင်းရဲနေသူများမှာ ဆင်းရဲသူများအနက် အဆင်းရဲဆုံးဖြစ်နေသလားဆိုသည်ကို စာပေများတွင် ကျယ်ကျယ်ပြန့်ပြန့် ရေးသားဆွေးနွေးကြပါသည်။ မြန်မာနိုင်ငံတွင်လည်း တာရှည်ဆင်းရဲသူများမှာ အိုးအိမ်၊ သောက်သုံးရေ နှင့် အညစ်အကြေးသန့်ရှင်းရေး စနစ်၏ ပိုမိုညံ့ဖျင်းသော အခြေအနေများကို ကြုံတွေ့ခံစားရပါသည်။

## ၅-၇ ။ ကျန်းမာရေးနှင့်အာဟာရ

ဆင်းရဲသွားသည့် အိမ်ထောင်စုများမှာ ပြောကြားချက်အရ (သိရှိရသည့်) နာမကျန်းဖြစ်မှုနှင့် အာဟာရချို့တဲ့မှုတို့တွင် တာရှည်ဆင်းရဲနေသူများနှင့် ဆင်တူကြပြီး ကျန်းမာရေး စောင့်ရှောက်ခြင်း လက်လှမ်းမီရရှိမှုနှင့် စားသုံးမှု အသုံးစရိတ်၏ ကျန်းမာရေး ဝေစုအချိုးများတွင်မူ ပိုမိုမြင့်မားကြပါသည်။ ဆင်းရဲခြင်းမှ လွတ်မြောက်သွားသည့် အိမ်ထောင်စုများမှာ ဆင်းရဲသွားသူများနှင့် တာရှည်ဆင်းရဲနေသူများထက် ပြောကြားချက်အရ (သိရှိရသည့်) နာမကျန်းဖြစ်မှုတွင် ပိုမိုမြင့်မားသော်လည်း အာဟာရချို့တဲ့မှုတွင် ဤအုပ်စုနှစ်စုနှင့် ဆင်တူပါသည်။ ဤအိမ်ထောင်စုများမှာ ဆင်းရဲသွားသူများထက် ကျန်းမာရေး စောင့်ရှောက်ခြင်း လက်လှမ်းမီရရှိမှုတွင် ပိုမိုနိမ့်ကျပြီး စားသုံးမှု အသုံးစရိတ်၏ ကျန်းမာရေးဝေစု အချိုးများမှာမူ ဆင်တူကြပါသည်။ အချုပ်အားဖြင့် ကျန်းမာရေး နှင့် အာဟာရ ညွှန်ကိန်းများ နှင့် အကူးအပြောင်း ဖြန့်စီကိန်းရှိ ဆင်းရဲနွမ်းပါးမှု၏ အုပ်စုအမျိုးအစား တစ်ခုစီကြားတွင် ပြတ်သားထင်ရှားသည့် ဆက်သွယ်မှုမရှိပါ။ ယင်းအချက်က ညွှန်ပြသည်မှာ ကျန်းမာရေးနှင့် ဆက်သွယ်သည့် တုန်လှုပ်ဖွယ်ရာရုတ်ခြည်း အဖြစ်အပျက် များမှာ ဆင်းရဲသွားစေခြင်း၏ အဓိကအကြောင်းအရင်းများ မဟုတ်ကြောင်းဆိုသည့် အချက်ဖြစ်ပါသည်။ ၎င်းအပြင် ကျန်းမာရေး နှင့် အာဟာရ ဆိုင်ရာ ရလဒ်များ နှင့် ပတ်သက်လျှင် တာရှည်ဆင်းရဲနေသူများမှာ ဆင်းရဲ သူများအနက် အဆင်းရဲဆုံးမဟုတ်ကြောင်း ဖြစ်ပါသည်။

## ၅-၈ ။ ပညာရေး

ဆင်းရဲသွားသည့် အိမ်ထောင်စုများမှာ တာရှည်ဆင်းရဲနေသူများထက် ပိုမိုမြင့်မားသော စာတတ်မြောက်မှုနှုန်း ရှိသော်လည်း မူလတန်းပညာအဆင့် ကျောင်းဝင်နှုန်းများနှင့် စားသုံးမှုအသုံးစရိတ်၏ ပညာရေးဝေစု အချိုးများတွင် တူညီ (သို့မဟုတ်) ဆင်တူကြပါသည်။ ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူများမှာ ဆင်းရဲသွား သူများနှင့် တာရှည်ဆင်းရဲနေသူထက် ပိုမိုမြင့်မားသော စာတတ်မြောက်မှုနှုန်းနှင့် မူလတန်းပညာအဆင့် ကျောင်းဝင်နှုန်းများရှိကြပြီး အသုံးစရိတ်၏ ပညာရေးဝေစုအချိုးတွင် ဤအုပ်စုနှစ်စု နှင့် ဆင်တူပါသည်။ အချုပ်အားဖြင့် စာတတ်မြောက်မှုနှင့် မူလတန်းပညာအဆင့် အသားတင်ကျောင်းဝင်မှုမှာ ဆင်းရဲနွမ်းပါး ခြင်းမှ လွတ်မြောက်မှုများနှင့် ဆက်နွယ်ပြီး စာတတ်မြောက်မှုမှာ ဆင်းရဲသွားသူများအား တာရှည်ဆင်းရဲ နေသူများမှ ခွဲခြားဖော်ပြပါသည်။

## ၆ ။ ဖြေရှင်းမှုနှင့် ဘဝရှင်သန်မှုဆိုင်ရာ မဟာဗျူဟာများ

အိမ်ထောင်စုအနည်းငယ်ကသာ ရွှေ သို့မဟုတ် လက်ဝတ်ရတနာများကို ရောင်းချကြပါသည်။ ဆင်းရဲသွားသူများထက် ဆင်းရဲခြင်းမှလွတ်မြောက်သွားသူများ၏ မြင့်မားသော ရာခိုင်နှုန်းများကသာ ဤကဲ့သို့ရောင်းချမှုမျိုးကို ပြုလုပ်ကြပါသည်။ ယင်းအချက် က ရွှေ/လက်ဝတ် ရတနာများရောင်းချမှုကို ဖြေရှင်းမှုနှင့် ဘဝရှင်သန်မှုဆိုင်ရာ မဟာဗျူဟာအဖြစ် အသုံးမပြုကြောင်း ညွှန်ပြပါသည်။ စိတ်ဝင်စားဖွယ်မှာ လျှော့ဒါန်းမှုလက်ခံရရှိရာတွင် ဆင်းရဲသွားသူ၊ ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူများ နှင့် မဆင်းရဲသူများ၏ အိမ်ထောင်စုများ၏ ရာခိုင်နှုန်းများ ဆင်တူနေခြင်းဖြစ်သည်။ ဤကဲ့သို့လှူဒါန်းမှု ရရှိသည့် အိမ်ထောင်စုအရေအတွက်မှာ နိမ့်ကျဆဲဖြစ်ပြီး တာရှည်ဆင်းရဲသူများအကြားတွင် အမြင့်မားဆုံးဖြစ်ပါသည်။ အချုပ်အားဖြင့် ရွှေ သို့မဟုတ် လက်ဝတ်ရတနာ ရောင်းချမှု သို့မဟုတ် လှူဒါန်းမှုများရရှိမှုသည် ကူးပြောင်းမှု ဖြန့်စီကိန်းရှိ အခြားဆင်းရဲနွမ်းပါးမှု အမျိုးအစားအုပ်စုများမှ ဆင်းရဲ သွားသူများကို ခွဲခြားကိုင်တွယ်မည့် ဖြေရှင်းမှုနှင့် ဘဝရှင်သန်မှုဆိုင်ရာ မဟာဗျူဟာများ ဖြစ်ကြဟန် မတူပါ။

## ၇။ အကျဉ်းချုပ် နှင့် နိဂုံးချုပ်

ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်း ဆိုင်ရာ အစီရင်ခံစာမှ ကိန်းဂဏန်း အချက်အလက်များက စိတ်ဝင်စားဖွယ် နိုင်းယှဉ်ချက် အချို့ကို ဆောင်ရွက်ရန် လွယ်ကူချောမွေ့စေပါသည်။ ၄င်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ဆင်းရဲသွားသူများနှင့် တာရှည်ဆင်းရဲသူများ၏ ပင်ကိုလက္ခဏာများ ဖြစ်၍ ၄င်းတို့မှာ ဆင်းရဲနွမ်းပါးမှု၏ အမျိုးအစားနှစ်မျိုးဖြစ်ပြီး ဆင်းရဲနွမ်းပါးသူ အရေအတွက်များ၏ စံပြုထားသော တည်ငြိမ်အခြေအနေ အတွင်း နှိုင်းယှဥ်စိစစ်ရန် ခွဲခြားမရသည့် အမျိုးအစားများဖြစ်ပါသည်။ (အပိုင်း ၂-၁ တွင် ကြည့်ပါ)။
- ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူများ၏ ပင်ကိုလက္ခဏာများ
- တစ်ဖက်တွင် ဆင်းရဲသွားသူများနှင့် တာရှည်ဆင်းရဲနေသူများ၏ ပင်ကိုလက္ခဏာများနှင့် အခြားတစ်ဖက်တွင် ၂၀၁၀ ပြည့်နှစ်ရှိ ဆင်းရဲသူများ၏ ပင်ကိုလက္ခဏာများ

အစီရင်ခံစာ၏ အဓိက တွေ့ရှိချက် အချို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- မုန်တိုင်းများ၊ ရေလွှမ်းမိုးမှုများ နှင့် ရေသေဝန်းရံဖုံးလွှမ်းမှုများမှာ တာရှည် ဆင်းရဲနေသူ (သို့မဟုတ် ဆင်းရဲခြင်းမှလွတ်မြောက်သူ) ထက် ဆင်းရဲသွားသူများနှင့် ပိုမို နီးနီးစပ်စပ် ဆက်နွယ်မှု ရှိပါသည်။
- အလုပ်အကိုင်မရှိခြင်း၊ အလုပ်အကိုင် ဆုံးရှုံးခြင်းနှင့် အလုပ်မလုပ်ကိုင်နိုင်ခြင်းတို့မှာ တာရှည်ဆင်းရဲနေသူထက် ဆင်းရဲတွင်းသက်ဆင်းနေသူများနှင့် ပိုမိုနီးစပ်စွာ ဆက်နွယ်မှုရှိ၍ (သေးငယ်သော) မိသားစုအရွယ်မှာ ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူများ နှင့် နီးစပ်စွာ ဆက်နွယ်မှုရှိပါသည်။
- ဆင်းရဲသွားသူများမှာ တာရှည်ဆင်းရဲနေသူများထက် ကုန်ချောပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း နှင့် လက်လီလက္ကားရောင်းဝယ်ရေး၊ ပြင်ဆင်ရေးလုပ်ငန်းများနှင့် ပိုမို ဆက်နွယ်ဟန်ရှိပါသည်။ ယင်းလုပ်ငန်းများမှာ ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူများနှင့်လည်း ပိုမိုနီးစပ်စွာ ဆက်နွယ်မှုရှိပါသည်။
- လယ်ယာစိုက်ပျိုးမြေအရွယ်မှာ ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်ခြင်း နှင့် ဆက်နွယ်မှုရှိပြီး ၄င်းမှာ တာရှည် ဆင်းရဲနေသူများကို ဆင်းရဲသွားသူများမှ ကွဲပြားခြားနားစေသည့် အချက်တစ်ရပ်လည်း ဖြစ်ပါသည်။
- လုပ်သားအင်အားနှင့် အလုပ်အကိုင်ရှိမှုတို့၏ ကိန်းဂဏန်းအချက်အလက်များက စီးပွားရေးအရ မှီခိုမှုအချိုးနှင့် ပတ်သက်သည့် ယခင်တွေ့ရှိချက်များကို အတည်ပြုဖော်ပြပါသည်။ ဆိုလိုသည်မှာ စီးပွားရေးအရ မှီခိုမှုအချိုးနှင့် သက်ဆိုင်သည့်အလုပ်အကိုင်မရှိမှု၊ အလုပ်အကိုင်ဆုံးရှုံးမှု၊ သို့မဟုတ် အလုပ်မလုပ်ကိုင်နိုင်မှု တို့သည် ဆင်းရဲတွင်းသက်ဆင်းသွားမှုများနှင့် ဆက်နွယ်မှုရှိပါသည်။ သို့သော် အလွန်မြင့်မားသော လုပ်သားအင်အားပါဝင်မှုနှုန်းများနှင့် နိမ့်ကျသော အလုပ်လက်မဲ့နှုန်းများက ဆင်းရဲနွမ်းပါးမှုအခြေအနေ အစီရင်ခံစာ ( အပိုင်း ၅ )တွင် အလေးထားညွှန်ပြသော ကောက်ချက်ဖြစ်သည့် အလုပ်အကိုင်မရှိမှုသည် အလုံးစုံသော ဆင်းရဲနွမ်းပါးမှုအတွက် အဓိကပံ့ပိုးသည့် အချက်တစ်ရပ်မဟုတ်ပါ ဆိုသည့် အချက်ကို အခိုင်အမာဖြစ်စေပါသည်။
- အိုးအိမ်၊ သောက်သုံးရေနှင့် အညစ်အကြေးသန့်ရှင်းရေးစနစ် နှင့် လျှပ်စစ်ဓာတ်အားရရှိမှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များက တာရှည်ဆင်းရဲနေသူများမှာ ဤနေထိုင်မှုအခြေအနေနှင့် ပတ်သက်

လျှင် အဆိုးရွားဆုံးဖြစ်ပြီး အစဉ်အလိုက် လိုက်ပါသည်မှာ ဆင်းရဲသွားသူများ၊ ဆင်းရဲခြင်းမှ လွတ်မြောက်သူများနှင့် မဆင်းရဲသူများဖြစ်ကြသည်။

- ကျန်းမာရေးနှင့်အာဟာရ ညွှန်ကိန်းများနှင့် အကူးအပြောင်းဖြန့်စီကိန်းရှိ ဆင်းရဲနွမ်းပါးမှု အုပ်စုအမျိုးအစားတစ်ခုစီကြားတွင် သိသာထင်ရှားသည့် ဆက်သွယ်ချက်မရှိပါ။ ယင်းအချက်က ကျန်းမာရေးနှင့် ပတ်သက်သည့် တုန်လှုပ်ဖွယ် ရုတ်ခြည်းအဖြစ်အပျက်များမှာ ဆင်းရဲနွမ်းပါးသွားစေသည့် အဓိကအချက်များမဟုတ်ကြောင်း ညွှန်ပြပါသည်။
- စာတတ်မြောက်မှုနှင့် မူလတန်းပညာရေးအဆင့် အသားတင်ကျောင်းဝင်နှုန်းမှာ ဆင်းရဲခြင်းမှ လွတ်မြောက်သွားမှုများနှင့် ဆက်သွယ်မှုရှိပါသည်။ သို့သော် စာတတ်မြောက်မှုကသာ ဆင်းရဲသွားသူများအား တာရှည်ဆင်းရဲသူများမှ ခွဲခြားပေးခြင်းဖြစ်ပါသည်။

ဆင်းရဲနွမ်းပါးမှု ရွေ့လျား ပြောင်းလဲခြင်း၏ ဆန်းစစ်မှုမှာ အနည်းဆုံး သုံးရပ်သော အကြောင်းများကြောင့် အရေးကြီးပါသည်။ ပထမအချက်မှာ အပိုင်း ၃[၁] တွင် ဆွေးနွေးခဲ့သည်နှင့် အညီ ရွေ့လျားပြောင်းလဲမှုမှာ အရွယ်ပမာဏကြီးသည့် ထူးခြားသည့်ဖြစ်စဉ် တစ်ရပ်အဖြစ် ယူဆရပါသည်။ ဒုတိယအချက်အနေဖြင့် ဆင်းရဲသွားသူများနှင့် တာရှည်ဆင်းရဲနေသူများ၏ ပင်ကိုလက္ခဏာများမှာ အထက်တွင် ဖော်ပြသကဲ့သို့ သတ်သတ်မှတ်မှတ် ကွဲပြားနိုင်ပါသည်။ သို့ဖြစ်ပါ၍ သင့်လျော်မှန်ကန်သည့် မူဝါဒဆိုင်ရာ တုံ့ပြန်မှုလည်း ကွဲပြားပါလိမ့်မည်။ နောက်ဆုံးတွင် ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူများ၏ ပင်ကိုလက္ခဏာများမှာ တိုးတက်သည့် လူနေမှုဘဝ ပြည့်စုံဖူလုံမှု လမ်းကြောင်းများအတွက် အကြောင်းအချက်များကို ညွှန်ပြနိုင်ရန် အရေးကြီးပါသည်။

[၁] ဤအချက်မှာ အပိုင်း ၂-၄ တွင် ဖော်ပြဆွေးနွေးသည့် တိုင်းတာချက်အမှားအတွက် ကြိုတင်သတိပြုစဉ်းစားရမည့် အကြောင်းအရာတစ်ရပ်ဖြစ်ပါသည်။

# ၁ ။ နိဒါန်း

အပိုင်း ၁ က ဒုတိယအကြိမ် IHLCA -စစ်တမ်း ( အပိုင်း ၁-၁) ၏ အကျဉ်းချုပ် ဖြစ်စဥ်သမိုင်းဖြင့် စတင်ပြီး စစ်တမ်း၏ နည်းပညာပိုင်းဆိုင်ရာ အင်္ဂါရပ်များကို အကြမ်းဖျင်း ဆက်လက်ဖော်ပြပါသည်။ အထူးသဖြင့် အပိုင်း ၁ က ကိန်းဂဏန်းအချက်အလက်များ ကောက်ယူခြင်းနှင့် ဆန်းစစ်ခြင်း နှင့် သက်ဆိုင်သည့် ရွေးချယ်ထားသော အကြောင်းအရာများကို ပြန်လည်သုံးသပ်ပြီး ဒုတိယအကြိမ် IHLCA စစ်တမ်း မေးခွန်းလွှာ (အပိုင်း ၁-၂) အပေါ်ခြုံငုံသုံးသပ်ချက်ကို ပံ့ပိုးပေးပါသည်။ ၎င်းနောက်နမူနာကောက်ခြင်း ပြဿနာ အချို့ကို ဆွေးနွေး၍ ရှင်းလင်းဖော်ပြပါသည် (အပိုင်း ၁-၃) ။ နိဂုံးချုပ်တွင် ဆင်းရဲနွမ်းပါးမှု ရွေ့လျား ပြောင်းလဲခြင်း ဆိုင်ရာ အစီရင်ခံစာ၏ ရည်မှန်းချက်များနှင့် သတ်မှတ်ပုံစံများအပေါ် ခြုံငုံ သုံးသပ်ချက်များကို ဖော်ပြထားပါသည် ( အပိုင်း ၁-၄)။

## ၁-၁ ။ နောက်ခံအကြောင်းအရာ

အိမ်ထောင်စုစားဝတ်နေရေး အခြေအနေဘက်စုံ လေ့လာမှု စစ်တမ်း (IHLCA) သည် ဗဟု ရည်ရွယ်ချက်ရှိသော အိမ်ထောင်စု စစ်တမ်းတစ်ခုဖြစ်ပြီး စားဝတ်နေရေးအခြေအနေများနှင့် လူနေမှုဘဝပြည့်စုံဖူလုံမှု၏ အဓိကရှုထောင့်အမြင်များ အတွက် ကိန်းဂဏန်းအချက်အလက်များကို ဖြည့်ဆည်းပေးပါသည်။ ပထမအကြိမ် IHLCA စစ်တမ်းကို ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဥ်နှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုဖြင့် ကောက်ယူခဲ့ပါသည်။ မိတ်ဖက်အဖွဲ့အစည်းများတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နှင့် ဗဟိုစာရင်းအင်းအဖွဲ့တို့ပါဝင်ပါသည်။ IHLCA-I သည် မြန်မာနိုင်ငံအနှံ့ ကျေးလက်ဒေသ နှင့် မြို့ပြဒေသများမှ အိမ်ထောင်စုပေါင်း ၁၈၆၆၀ ပါဝင်သည့် တစ်နိုင်ငံလုံးကို ကိုယ်စားပြုသည့် နမူနာတစ်ခုဖြစ်ခဲ့ပါသည်။ စစ်တမ်းသည့် မေးခွန်းလွှာ၏ အသေးစိတ်စားသုံးမှုအပိုင်းမှ ရရှိချက်အရ ဆင်းရဲနွမ်းပါးမှု ပမာဏများကို ခန့်မှန်းစေနိုင်ခဲ့ပြီး ခေတ်မီ လုပ်ငန်းစံချိန်မှီ နည်းပညာများ အသုံးပြု၍ ဆင်းရဲနွမ်းပါးမှုပြမျဥ်းများကို ခန့်မှန်းစေနိုင်ခဲ့သည်။

မြန်မာနိုင်ငံအစိုးရ၏ မေတ္တာရပ်ခံချက်အရ UNDP၊ UNICEF နှင့် Sida တို့သည်မူလ IHLCA ၏ နောက်ဆက်တွဲ စစ်တမ်းတစ်ခုကို ပံ့ပိုးကူညီခဲ့ကြသည်။ အဓိကရည်ရွယ်ချက်မှာ ၂၀၀၄-၂၀၀၅ ခုနှစ် ကိန်းဂဏန်းအချက်အလက်များကို အချိန်နှင့် တစ်ပြေးညီ ဖြစ်စေရန် ဆောင်ရွက်ခြင်းဖြင့် စားဝတ်နေရေး အခြေအနေများ၏ ပမာဏများနှင့် အလားအလာများအပေါ် အသစ်တစ်ဖန်သိမြင်လာစေရန် ဖြစ်သည်။ ဤရည်ရွယ်ချက်ပန်းတိုင်ဖြင့် ၂၀၀၉ခုနှစ်ဧပြီလတွင် သက်ဆိုင်ပတ်သက်သူများနှင့် စစ်တမ်းဒီဇိုင်း အချက်အလက်စိစစ်ခြင်း နှင့် စီစဥ်တွက်ချက်ခြင်း ကိစ္စရပ်များကို ဆွေးနွေးရန်အတွက် နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တစ်ခုကိုကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် ရလဒ်များကို အချိန်ကိုက် ရှေ့နောက် ညီညွတ်သော နှိုင်းယှဉ်မှုများဖြစ်မြောက်စေရန် အတွက် IHLCA-II တွင် IHLCA-I ၏ ဆင်တူပုံစံကို ထိန်းသိမ်းထားရန် သဘောတူညီခဲ့ကြသည်။

## ၁-၂။ အချက်အလက်ဇာစ်မြစ်များ၊ ကောက်ယူခြင်း နှင့် စိစစ်ခြင်း[၂]

IHLCA-II တွင် အဓိက ကိရိယာသုံးမျိုး ပါဝင်သည်။ အိမ်ထောင်စု မေးခွန်းလွှာ၊ အဓိက သတင်းပေးသူများအတွက် ရပ်ရွာမေးခွန်းလွှာ နှင့် ရပ်ရွာ ဈေးနှုန်းမေးခွန်းလွှာတို့ဖြစ်သည်။

အိမ်ထောင်စုမေးခွန်းလွှာသည် 'ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်းဆိုင်ရာ အစီရင်ခံစာ' တွင် ဖော်ပြထားသည့် သတင်းအချက်အလက်အများစု၏ အခြေခံဖြစ်သည်။ မေးခွန်းလွှာတွင် အောက်ပါအပိုင်းများ ပါဝင်ပါသည်။

(၁) အိမ်ထောင်စု ပင်ကိုလက္ခဏာများ
(၂) အိုးအိမ်
(၃) ပညာရေး နှင့် စာတတ်မြောက်မှု
(၄) ကျန်းမာရေး၊ အာဟာရ နှင့် သေဆုံးမှု
(၅) စားသုံးမှု အသုံးစရိတ်
(၆) အိမ်ထောင်စုပိုင် ပစ္စည်းများ၊ လက်ဆောင်များနှင့် လွှဲပို့ငွေများ
(၇) လုပ်သားနှင့် အလုပ်အကိုင်
(၈) စီးပွားရေးလုပ်ငန်းများ
(၉) ငွေရေးကြေးရေး နှင့် စုဆောင်းမှု

အဓိကသတင်းပေးသူများအတွက် ရပ်ရွာမေးခွန်းလွှာတွင် အခြေခံအဆောက်အအုံ၊ အိုးအိမ်၊ စီးပွားရေးလုပ်ငန်းများ၊ ကျောင်းများ၊ ကျန်းမာရေးဝန်ဆောင်မှုပေးရာ ဌာနများစသည်တို့နှင့် ဆိုင်ရာ ရပ်ရွာအဆင့်သတင်းအချက်အလက်များပါဝင်ပါသည်။ အများအားဖြင့် ဤအချက်အလက်များကို အိမ်ထောင်စုအဆင့်သတင်းအချက်အလက်များအပေါ် အာရုံစိုက်ထားသည့် 'ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်းဆိုင်ရာ အစီရင်ခံစာ'တွင် ဖော်ပြမထားပါ။ ရပ်ရွာ ဈေးနှုန်း မေးခွန်းလွှာမှ ကိန်းဂဏန်းအချက်အလက်များကို တည်နေရာ (ပြည်နယ်များ၊ တိုင်းဒေသကြီးများ) နှင့် အချိန်ကာလ (၂၀၀၄-၂၀၀၅ နှင့် ၂၀၀၉-၂၀၁၀) ကွာခြားချက်အတွက် စားသုံးမှု အသုံးစရိတ် ကိန်းဂဏန်း အချက်အလက်များကို ကိုက်ညှိရန် အသုံးပြုခဲ့သည်။

IHLCA-I ၏ပုံစံအတိုင်းလိုက်၍ ကိန်းဂဏန်းအချက်အလက်ကောက်ယူမှုကို ၂၀၀၉-၂၀၁၀ ဒီဇင်ဘာ-ဇန်နဝါရီ နှင့် ၂၀၁၀ မေလတွင် နှစ်ကြိမ်ဆောက်ရွက်ခဲ့သည်။ နှစ်ကြိမ်ဆောင်ရွက်ခြင်း၏ မူလ ဆင်ခြင်တုံသဘောတရားမှာ စိုက်ပျိုးရေးရာသီ စက်ဝန်းနှင့် အဓိကအားဖြင့် ဆက်စပ်လျက်ရှိသော အဓိကလူနေမှုဘဝ ပြည့်စုံဖူလုံမှု ညွှန်ကိန်းများ၏ ရာသီအလိုက်ပြောင်းလဲမှုကို အမိအရ ဖော်ပြရန်ဖြစ်သည်။ ယေဘုယျအားဖြင့် ဒီဇင်ဘာ-ဇန်နဝါရီ ကို မိုးစပါးရိတ်သိမ်းပြီးနောက် သို့မဟုတ် ရိတ်သိမ်းစဥ် ကျေးလက် အိမ်ထောင်စုအများအပြားအတွက် ပို၍ချမ်းသာဝပြောသော ကာလတစ်ခုအဖြစ်သတ်မှတ်သည်။ မေလသည် နွေရာသီလများအတွင်း ကျရောက်၍ အခက်အခဲပိုရှိသော အချိန်တစ်ချိန် ဖြစ်သည်။ သီးခြား နှစ်ကြိမ် စာရင်းကောက်ယူမှုမှ ကိန်းဂဏန်း အချက်အလက်များအား စားသုံးမှု အသုံးစရိတ်ကဲ့သို့ တစ်နှစ်အတွင်း အတက်အကျကြီးမားလေ့ရှိသည့် ကိန်းဂဏန်း အချက်အလက်များအတွက် 'အမှန်' ပျမ်းမျှ နှစ်အလိုက် ကိန်းဂဏန်း

[၂] ဤအရေးကြီးသော အကြောင်း ကိစ္စရပ်များကို IHLCA-II ၏ စစ်တမ်းဒီဇိုင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နည်းပညာအစီရင်ခံစာ ၂၀၁၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက် တွင် ပို၍ များပြားစွာ အသေးစိတ် ဆွေးနွေးထားသည်။

ကို ခန့်မှန်းတွက်ချက်ရန် လိုအပ်ပါသည်။ IHLCA-II သည် ရာသီအလိုက် ပြောင်းလဲရန် မျှော်မှန်းရသည့် ညွှန်ကိန်းများအတွက် ဤပုံစံကိုစွဲကိုင်ထားပါသည်။

အချက်အလက်ကောက်ယူသည့် အဆင့်တွင် တိုင်းတာမှုအမှားများကို လျှော့ချရန် နည်းလမ်းတစ်ချို့ကို ချမှတ်ထားပါသည်။ ရှေ့နောက်ညီညွတ်မှု စစ်ဆေးခြင်းကို စာရင်းကောက်ယူသည့် နေရာတွင် ကွင်းဆင်းစာရင်းကောက်မှု ကြီးကြပ်သူများက ဆောင်ရွက်ကြသဖြင့် စာရင်းကောက်သူများကို မေးမြန်းသူများထံ ပြန်လည်သွားရောက်ပြီး ကွဲပြားခြားနားသည့် သတင်းအချက်အလက်များကို စူးစမ်းမှု ပြုစေနိုင်သည့် ဘာသာပြန်သည့်ကိစ္စများ၊ အဓိပ္ပာယ်ကောက်ယူရာတွင် ဆက်စပ်စဥ်းစားရမည့် အကြောင်းအရာ ကွဲပြားခြားနား မှုများက ရလဒ်များကို သြဇာလွှမ်းမိုးခြင်းမပြုနိုင်မည့် ဖြစ်နိုင်ခြေများ မြင့်မားလာစေရန် ဒေသခံစာရင်း ကောက်ယူသူများကို စည်းရုံးစုဆောင်းသည်။ ဤသို့ဆောင်ရွက်ခြင်းအပြင် မေးမြန်းသူများကို ကျား/မ အလိုက်လိုက်ဖက်ညီစွာ တွေ့ဆုံမေးမြန်းနိုင်စေရန် ကွင်းဆင်းစာရင်းကောက် အဖွဲ့များတွင် အမျိုးသားနှင့် အမျိုးသမီး စာရင်းကောက်သူများ ပါဝင်ခဲ့သည်။ ရည်ရွယ်ချက်မှာ မျိုးဆက်ပွားကျန်းမာရေး ကဲ့သို့သော အကြောင်းကိစ္စများနှင့် စပ်လျဥ်းသည့် အတိမ်းအစောင်းမခံနိုင်သော သတင်း အချက်အလက်များ၏ ကျိုးကြောင်းညီညွတ်မှုကို မြှင့်တင်ရန်ဖြစ်သည်။

ကွန်ပြူတာတွင် ကိန်းဂဏန်းအချက်အလက်ထည့်သွင်းခြင်း နှင့် စစ်ဆေး သန့်စင်ခြင်းကို အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန(MNPED)၏ စီမံကိန်း ရေးဆွဲရေးဦးစီးဌာန (PD) က ကမ္ဘာ့ဘဏ်၏ နည်းပညာ အကူအညီဖြင့် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ အချက်အလက်စိစစ်ခြင်းကို ပထမအကြိမ် IHLCA စစ်တမ်းဆောင်ရွက်စဥ်က ဖြည့်ဆည်းပေးသည့် နည်းပညာဆိုင်ရာ ပံ့ပိုးကူညီမှု နှင့် လေ့ကျင့်သင်တန်းပေးမှုကို အခြေတည်၍ IHLCA နည်းပညာယူနစ်က လုပ်ဆောင်ခဲ့သည်။ နမူနာ ကောက်ယူခြင်း၊ စံမှားယွင်းချက် ခန့်မှန်းခြင်း နှင့် စပ်လျဥ်းသည့် စာရင်းအင်းစိစစ်မှုဆိုင်ရာ ပံ့ပိုးကူညီမှုကို Statistics Sweden က ဖြည့်ဆည်းပေးခဲ့သည်။

## ၁-၃ ။ နမူနာကောက်ယူခြင်း ကိစ္စရပ်များ

IHLCA-II စစ်တမ်းသည် တစ်နိုင်ငံလုံး ကိုယ်စားပြုလျက် ယခင်စစ်တမ်း နှင့် ၅၀% ထပ်တူကောက်ယူသည့် စစ်တမ်းတစ်ခု ဖြစ်ပြီး နမူနာအရွယ်မှာ အိမ်ထောင်စုပေါင်း ၁၈၆၆၀ ဖြစ်သည်။ အစကတည်းက ‘ကိုယ်စားပြုသော’ နှင့် ‘ထပ်တူကောက်ယူသော’ စကားရပ်များ၏ အဓိပ္ပာယ်ကို ရှင်းလင်းထားရန် အရေးကြီးသကဲ့သို့ ၂၀၀၈ ခုနှစ် နာဂစ်ဆိုင်ကလုန်း မုန်တိုင်းက ဖြစ်ပေါ်စေသည့် သီးသန့် နမူနာကောက်ခြင်းဆိုင်ရာ ပြဿနာများ အကြောင်း ထုတ်ဖော်ပြောကြားထားရန် အရေးကြီးပါသည်။

IHLCA-II တွင် ယခင်စစ်တမ်းနှင့် ထပ်တူနမူနာအစိပ်အပိုင်းပါဝင်ပြီး ၅၀ % သော အိမ်ထောင်စုများမှာ ၂၀၀၄ - ၂၀၀၅ ခုနှစ်တွင် ရွေးချယ်ကောက်ယူခဲ့သော အိမ်ထောင်စုများပင်ဖြစ်ပါသည့် ယခင်စစ်တမ်းနှင့်နောက် စစ်တမ်းများမှ ထပ်တူယူနစ် အချက်အလက်များမှာ ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်း၏ ဆန်းစစ်မှုကို လွယ်ကူချောမွေ့စေပါသည်။ ဆိုလိုသည်မှာ အိမ်ထောင်စုများ၏ ဆင်းရဲနွမ်းပါးမှု ၊ ဆင်းရဲခြင်းမှလွတ်မြောက်မှုတို့ကို ဆန်းစစ်နိုင်ပြီး ခြားနားသော အချိန်မှတ်ကာလများရှိ ဆင်းရဲနွမ်းပါးသူအရေအတွက်ကိုသာ ဆန်းစစ်ခြင်းမဟုတ်ပါ။ ယခင်စစ်တမ်းနှင့် နောက်စစ်တမ်းများမှ ထပ်တူယူနစ် အချက်အလက်များမှာ ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်းဆိုင်ရာ အစီရင်ခံစာ၏ သတင်းအခြေခံပင်ဖြစ်ပါသည်။

IHLCA စစ်တမ်းများသည် မြန်မာနိုင်ငံလူဦးရေကို ကိုယ်စားပြုသည်ဆိုရာ၌ နမူနာရလဒ်များ နှင့် လူဦးရေ တစ်ခုလုံးမှ 'အမှန်' ရလဒ်များအတွင်း ဆက်နွယ်မှုကို ခန့်မှန်းရန်ဖြစ်နိုင်သည်ဟု ဆိုလိုသည်။ ဤသို့သော ခန့်မှန်းခြေများပြုလုပ်ရန် နှင့် ယင်းတို့ကို မှန်ကန်စွာ အဓိပ္ပာယ်ကောက်ရန်အတွက် သဘောတရား လေးမျိုးဖြစ်သည့် (က) စံမှားယွင်းချက်များ (ခ) နမူနာကောက်အမှား (ဂ) စိတ်ချရကြားပိုင်းများနှင့် (ဃ) စာရင်းအင်းဆိုင်ရာ ထူးခြားမှုအဆင့်များကို ထပ်မံအဓိပ္ပာယ်ဖွင့်ဆိုရန် အရေးကြီးပါသည်။

(၁) ခန့်မှန်းနမူနာကိန်းများသည် ဦးရေတစ်ခုလုံး၏ သက်ဆိုင်ရာ အမှန်တန်ဖိုးများမှ မည်မျှ ကွဲပြား ခြားနားသည်ကို တိုင်းတာသည့် အတိုင်းအတာကို *စံမှားယွင်းချက်များက* ဖြည့်ဆည်း ပေးသည်။ ယင်းတို့ကို ကွဲလွဲချက် နှင့် နမူနာမှ လေ့လာချက်အရေအတွက် တို့ကို အခြေခံပြီး တွက်ချက်ရယူသည်။ ကွဲလွဲချက်သည် ကိန်းရှင်တစ်ခု၏ တန်ဖိုးများပျံ့နှံ့မှု သို့မဟုတ် ပြန့်ကားခြင်း အတိုင်းအတာ တစ်ခု ဖြစ်သည်။

(၂) နမူနာခန့်မှန်းခြေများ နှင့် ဦးရေ တန်ဖိုးများအကြား ခန့်မှန်းကွဲပြားခြားနားချက်ကို *နမူနာကောက် အမှား* ဟုခေါ်သည်။ နမူနာကောက်အမှားပမာဏကို ရည်ညွှန်းပါစံမှားယွင်းချက်များ၏ ပမာဏအား စစ်ဆေးခြင်းဖြင့် သိရသည်။

(၃) *စိတ်ချရကြားပိုင်းများသည်* တန်ဖိုးမသိရသည့် ဦးရေ ဇာတိကိန်းတစ်ခုအတွက် ဖြစ်နိုင်ချေရှိသော တန်ဖိုးများ၏ အပိုင်းအခြားတစ်ခုကို ပေးသည်။ စိတ်ချရကြားပိုင်း ကျယ်ပြန့်လေလေ တန်ဖိုးမသိသော ဇာတိကိန်းအကြောင်း ပို၍ မသေချာ မရေရာလေ ဖြစ်ရသည်။ စိတ်ချစည်းများသည် စိတ်ချရ ကြားပိုင်း၏ အောက်နှင့် အထက် အနားသတ် တန်ဖိုးများဖြစ်သည်။

(၄) စာရင်းအင်းဆိုင်ရာ ထူးခြားမှု အဆင့်များသည် နမူနာရလဒ်များကို အကြောင်းတိုက်ဆိုင်မှုကြောင့် ရရှိခဲ့ခြင်း မဟုတ်ကြောင်း သေချာမှုဒီဂရီ တစ်ခုပေးသည့် အစဉ်အလာအရ စာရင်းအင်း ဆိုင်ရာ ထူးခြားမှုကို ၉၅% အဆင့်တွင် ထားလေ့ရှိသည်။

ဤယူဆချက်လေးမျိုးသည် '*ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်းဆိုင်ရာ အစီရင်ခံစာ*' ရှိ ရလဒ်များ၏ အဓိပ္ပာယ်ဖော်ဆောင်ချက်နှင့် ဖော်ပြမည့် နည်းလမ်းအရ ဆက်စပ်မှုရှိပါသည်။ စံမှားယွင်းချက်များကို အစီရင်ခံစာမှ ရလဒ်အားလုံးအောက်တွင် '( )'ဖြင့် ဖော်ပြထားသည်။ အကယ်၍ စံမှားယွင်းချက်ကို အနီးစပ်ဆုံး ၂ (၁.၉၆) ဖြင့် မြှောက်ပြီး နောက်ယင်းတန်ဖိုးကို ရလဒ်တန်ဖိုးတွင် ပေါင်းခြင်း (သို့) နုတ်ခြင်းပြုခဲ့လျှင် '*ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်း ဆိုင်ရာ အစီရင်ခံစာ*' မှ ကိန်းဂဏန်း အချက်အလက်အားလုံးအတွက် ၉၅% စိတ်ချရကြားပိုင်းများရရှိသည်။ တနည်းအားဖြင့် ဆိုရလျှင် IHLCA-II မှ ခန့်မှန်းနမူနာရလဒ်များသည် မြန်မာနိုင်ငံ၏ အမှန်ဦးရေရလဒ်များမှ မည်မျှ ကွာခြားသည်ကို ၉၅% စိတ်ချမှုဖြင့် သတ်မှတ်နိုင်သည်။

တစ်ဖက်တွင် '*ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်းဆိုင်ရာ အစီရင်ခံစာ*' နှင့် အခြားတစ်ဖက်တွင်' ဆင်းရဲနွမ်းပါးမှု အခြေအနေ' နှင့် MDG အချက်အလက် အစီရင်ခံစာများကြားတွင် မှတ်သားထိုက်ဖွယ် အရေးကြီးသော ခြားနားမှုတစ်ရပ်ရှိပါသည်။ ဆင်းရဲနွမ်းပါးမှုအခြေအနေ နှင့် MDG အချက်အလက် အစီရင်ခံစာများကဲ့သို့ မဟုတ်ပဲ 'ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်းဆိုင်ရာ အစီရင်ခံစာ'မှာ ၂၀၁၀ ပြည့်နှစ် မြန်မာနိုင်ငံ၏ လူဦးရေကို ကိုယ်စားပြုသည်ဟု ထုတ်ဖော်ပြောဆိုခြင်း မပြုပါ။ အကြောင်းမှာ ၂၀၀၅ ခုနှစ်မှ စတင်၍ အိမ်ထောင်စု တစ်စုချင်း၏ အခြေအနေကို ရှေ့နောက်ညီညွတ်စွာ နှိုင်းယှဉ် နိုင်ရန် ၂၀၀၅ ခုနှစ် စစ်တမ်း၏ ဦးရေ အလေးတင်းမှုများကို အသုံးပြုထားခြင်းကြောင့် ဖြစ်သည်။

*နမူနာကောက်ခြင်းရှုထောင့်အရ* နာဂစ်ဆိုင်ကလုန်း မုန်တိုင်းသည် စိုးရိမ်ဖွယ်ရာ လက်ငင်းစိန်ခေါ်မှုများကို ဖြစ်ပေါ်စေသည်။ ဆိုလိုသည်မှာ ကျေးရွာအချို့သည် 'ပျောက်ကွယ်သွားခြင်း' သို့မဟုတ် စစ်တမ်းတစ်ခု

ကောက်ယူမှုကို ဟန့်တားလောက်စေရန် ကျယ်ကျယ်ပြန့်ပြန့် ထိခိုက်ပျက်စီးစေခြင်း တို့ကြောင့်ဖြစ်သည်။ အထူးသဖြင့် ဧရာဝတီတိုင်းဒေကြီးမှ ဘိုကလေး နှင့် လပွတ္တာမြို့နယ်များအတွင်းရှိ ကျေးရွာ တစ်ဆယ့်တစ်ရွာတွင် ပြဿနာဖြစ်ပေါ်ခဲ့သည်။ ဤအခက်အခဲကို ကိုင်တွယ်ရန် ကျေးရွာအုပ်စုထပ်တူ သို့မဟုတ် အနီးအနားရှိ ကျေးရွာအုပ်စုများမှ ဆင်တူပင်ကို လက္ခဏာများရှိသည့် ကျေးရွာ တစ်ဆယ်တစ်ရွာကို နမူနာစာရင်းစဉ်တွင် အစားထိုးခဲ့သည်။ အလေးထားဖော်ပြလိုသည်မှာ အသက်ဆုံးရှုံးသွားသူများမှာ အသက်ရှင်ကျန်ရစ်သူများထက် ပျမ်းမျှအားဖြင့် အခြေအနေပို၍မဆိုး ပို၍မကောင်းခဲ့ပါက ဤအဖြစ်ဆိုးနှင့် ဆက်စပ်သည့် နေရာအနှံ့အသက်ဆုံးရှုံးမှုမှာ ဆင်းရဲနွမ်းပါးမှုနှုန်းများကို တိုးမြင့်လာစေမည် မဟုတ်ပါ [၇] ။

## ၁-၄ ။ ဆင်းရဲနွမ်းပါးမှုရွှေ့လျားပြောင်းလဲခြင်းဆိုင်ရာအစီရင်ခံစာ၏ စီစဉ်ဖွဲ့စည်းမှုပုံစံနှင့် ရည်ရွယ်ချက်များ

'*ဆင်းရဲနွမ်းပါးမှု ရွှေ့လျားပြောင်းလဲခြင်းဆိုင်ရာ အစီရင်ခံစာ*'က IHLCA-I နှင့် IHLCA-II စစ်တမ်းများ၏ ထပ်တူအစိတ်အပိုင်းမှ ရလဒ်များကို ဖော်ပြထားပါသည်။ အဓိက ရည်ရွယ်ချက်မှာ ဖော်ပြမည့် မေးခွန်းကို သိမြင်စေရန်ဖြစ်သည်။ ၎င်းမှာ အဘယ်ကြောင့် လူအများသည် ဆင်းရဲသွားကြသည်။ ဆင်းရဲခြင်းမှ လွတ်မြောက်ကြသည်နှင့် ဆင်းရဲနေဆဲ ဖြစ်နေကြသည်ဆိုသည့် မေးခွန်းဖြစ်ပါသည်။ ဤအစီရင်ခံစာတွင် ဖော်ပြထားသည့် ကိန်းဂဏန်းအချက်အလက်များမှာ ဤအထက်ပါ မေးခွန်းကို ဖြေဆိုရန် အားထုတ်မှု အနေဖြင့် လူနေမှုဘဝ ပြည့်စုံဖူလုံမှု နှင့် ပတ်သက်သည့် အမျိုးအစားလေးမျိုးအား ခွဲခြားဖော်ထုတ်ပါသည် ။ ၎င်းတို့မှာ (၁) ဆင်းရဲသွားသူများ (၂) ဆင်းရဲခြင်းမှ လွတ်မြောက်သူများ (၃) တာရှည်ဆင်းရဲသူနှင့် (၄) မဆင်းရဲသူ တို့ဖြစ်ကြပါသည်။

အစီရင်ခံစာ ဖွဲ့စည်းဖော်ပြပုံမှာ အကျဖက်တွန်းပို့ ဖိအားများ (တုန်လှုပ်ဖွယ် ရုတ်ချည်းအဖြစ်အပျက်များ နှင့် ဖိစီးမှုများ၊ အပိုင်း ၄ ) နှင့် တုံ့ပြန်မှုများ ( ဖြေရှင်းမှု နှင့် ဘဝရှင်သန်မှုဆိုင်ရာ မဟာဗျူဟာများ အပိုင်း ၆) တို့အား ခွဲခြားပေးသည့် ဆင်းရဲနွမ်းပါးဖြစ်လွယ်မှု ဆန်းစစ်ချက် နှင့် ၎င်း၏ အကြောင်းရင်း ဇာစ်မြစ်များကို တစ်ပြိုင်နက် နှိုင်းယှဉ်ဖော်ပြသွားခြင်းဖြစ်သည် ( အပိုင်း ၂-၃ )။ အပိုင်းတစ်ပိုင်းတွင်မူ လူဦးရေဆိုင်ရာ ပင်ကိုလက္ခဏာများနှင့် အထက်ဖော်ပြပါ အမျိုးအစားလေးမျိုးတို့၏ ဆက်သွယ်မှုကို ဆင်းရဲနွမ်းပါးမှု အကူးအပြောင်း ဖြန့်စီကိန်းတွင် လေ့လာဖော်ပြထားပါသည် (အပိုင်း ၅)။

'*ဆင်းရဲနွမ်းပါးမှု ရွှေ့လျားပြောင်းလဲခြင်း အစီရင်ခံစာ*' နှင့် တွဲဖက်ပြုစုသည့် အစီရင်ခံစာ (စာအုပ်) နှစ်စောင်ရှိပါသည်။ ပထမ အစီရင်ခံစာမှာ 'ဆင်းရဲနွမ်းပါးမှု အခြေအနေ' ဖြစ်၍ စားသုံးခြင်း ဆင်းရဲနွမ်းပါးမှု နှင့် ၎င်း၏ဆက်စပ်မှုများကို အလေးထားပြီး လူနေမှုဘဝ ပြည့်စုံဖူလုံမှု၏ စီးပွားရေး နှင့် လူမှုရေးဆိုင်ရာ အတိုင်းအတာများ၏ ညွှန်ကိန်းများအတွက် ကိန်းဂဏန်းအချက်အလက်များကို ဖော်ပြထားပါသည်။ ဒုတိယအစီရင်ခံစာမှာ MDG အချက်အလက်အစီရင်ခံစာဖြစ်ပြီး MDG ညွှန်ကိန်းများနှင့် ပတ်သက်သည့် ကိန်းဂဏန်းအချက်အလက်များကို ဖော်ပြထားပါသည်။

သတ်မှတ်ပုံစံအရ ဖော်ပြရပါလျှင် '*ဆင်းရဲနွမ်းပါးမှု ရွှေ့လျားပြောင်းလဲခြင်းဆိုင်ရာ အစီရင်ခံစာ*' မှာ ရှေ့တွင်ဖော်ပြမည့် အကြောင်းအရာများကို အလှည့်ကျ လေ့လာသွားပါသည်။ ၎င်းတို့မှာ အယူအဆများ၊ အဓိပ္ပာယ် ဖွင့်ဆိုချက် များနှင့် နည်းလမ်းများ (အပိုင်း၂)၊ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု နေရာဒေသအလိုက်

[၇] ဤဆင်းရဲနွမ်းပါးမှုတိုင်းတာချက် ဝိရောဓိ သဘောကို Kanbur R. and D. Mukherjee, ၂၀၀၇, "Premature Mortality and Poverty Measurement," *Bulletin of Economic Research*, Vol. ၅၉. No. ၄ တွင် လေ့လာဖော်ထုတ်ထားပါသည်။

ရွှေ့လျားပြောင်းလဲခြင်း အတိုင်းအတာ (အပိုင်း ၅)၊ ဖြေရှင်းမှု နှင့် ဘဝရှင်သန်မှုဆိုင်ရာ မဟာဗျူဟာများ (အပိုင်း ၆) နှင့် အကျဉ်းချုပ် နှင့် နိဂုံးချုပ် (အပိုင်း ၇) တို့ဖြစ်ပါသည်။

## ၂ ။ ဆင်းရဲနွမ်းပါးမှုရွေ့လျားပြောင်းလဲခြင်း (အယူအဆများ၊ အဓိပ္ပာယ် ဖွင့်ဆိုချက်များနှင့် နည်းလမ်းများ)[၇]

အပိုင်း ၁ တွင် ဆွေးနွေးဖော်ပြထားသကဲ့သို့ ဆင်းရဲနွမ်းပါးမှုရွေ့လျားပြောင်းလဲခြင်းမှာ အချိန်မှတ် ကာလ တစ်ရပ် အတွင်း ဆင်းရဲနွမ်းပါးသူ အရေအတွက်ကိုသာ ဖော်ပြခြင်းမဟုတ်ပဲ အိမ်ထောင်စုများ ဆင်းရဲသွားခြင်း နှင့် ဆင်းရဲခြင်းမှ လွတ်မြောက်သွားခြင်းတို့၏ ရွေ့လျားစီးဆင်းမှုကို ဆန်းစစ် လေ့လာခြင်း ဖြစ်ပါသည်။ အပိုင်း ၂-၁ မှာ ဆင်းရဲနွမ်းပါးသူ အရေအတွက် နှင့် ဆင်းရဲနွမ်းပါးမှု ရွေ့လျားစီးဆင်းမှု အကြား ကွဲပြားခြားနားမှုကို အသေးစိတ် ဖော်ပြထားပြီး အပိုင်း ၂-၂ မှာ ' ရွေ့လျားစီးဆင်းမှုများ ' ၏ အယူအဆကို ပိုမို၍ အဓိပ္ပာယ်ဖွင့်လှစ် ရှင်းလင်းထားသည်။ အပိုင်း ၂-၃ မှာ ဆင်းရဲနွမ်းပါးဖြစ်လွယ်မှု အယူအဆကို ၄င်း၏ အကြောင်းရင်းမြစ်များ နှင့် ဆွေးနွေးချိတ်ဆက်ထားပါသည်။ နောက်ဆုံးတွင် အပိုင်း ၂-၄ မှာ ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်း အပေါ် ဆန်းစစ်လေ့လာမှုအတွက် နည်းပညာများအား ဆွေးနွေးရာတွင် ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်းဆိုင်ရာ အစီရင်ခံစာတွင် ရွေးချယ်ထားသော နည်းပညာဆိုင်ရာ ချဉ်းကပ်မှု တစ်ရပ်နှင့်အတူ အကျဉ်းရုံး ဆွေးနွေးဖော်ပြထားပါသည်။

### ၂-၁ ။ ဆင်းရဲနွမ်းပါးသူအရေအတွက် နှင့် ဆင်းရဲနွမ်းပါးမှုရွေ့လျားစီးဆင်းခြင်း နှိုင်းယှဉ်ချက်

ပုံ ၁ မှာ ဆင်းရဲနွမ်းပါးသူ အရေအတွက် နှင့် ဆင်းရဲနွမ်းပါးမှု ရွေ့လျားစီးဆင်းတို့၏ ခွဲခြားစိတ်ဖြာ လေ့လာမှုများအကြား ဆန်းစစ်ခြားနားချက်များကို အစီအစဉ်ကျနစွာ ပုံဖော်ရှင်းလင်းပြသပြီး အလားတူ တာရှည် ဆင်းရဲမှု နှင့် အကူးအပြောင်းကာလ ဆင်းရဲနွမ်းပါးမှု(ခဏပန်းဆင်းရဲနွမ်းပါးမှု)အကြား သက်ဆိုင်သည့် ခြားနားမှုများကိုလည်း ရှင်းလင်း ဖော်ပြပါသည်။ အဓိကအားဖြင့် အချက်နှစ်ချက်မှာ အရေးကြီးပါသည်။

ပထမအချက်မှာ (စစ်တမ်းတွင်) ထပ်တူ ယူနစ်အချက်အလက်များမပါရှိပါက ဆင်းရဲနွမ်းပါးမှု ဆန်းစစ်ချက်မှာ တာရှည်ဆင်းရဲနွမ်းပါးမှု နှင့် ဆင်းရဲနွမ်းပါးမှု အကူးအပြောင်းကို ပုံစံ ကျနစွာ ခွဲခြမ်းနိုင်မည်မဟုတ်ပါ။ ချဉ်းကပ်မှုမှာ ပုံ ၁ တွင် ဖော်ပြထားသည့် ဆင်းရဲမှု သံသရာ တစ်ခုလုံး (တာရှည် ဆင်းရဲနွမ်းပါးမှု နှင့် ဆင်းရဲနွမ်းပါးမှု အကူးအပြောင်း(သို့) ခဏပန်းဆင်းရဲနွမ်းပါးမှု အပါအဝင်) ၏ ဆက်စပ်မှုများအား အချိန် ကာလတစ်ရပ် (သို့မဟုတ်) အချိန်မှတ်ကာလများအတွင်း ဆန်းစစ်လေ့လာရန် ဖြစ်ပါသည်။ ဤအချက်မှာ စံပြုထားသည့် တည်ငြိမ်အခြေအနေအတွင်း ဆင်းရဲနွမ်းပါးသူ အရေအတွက်အား နှိုင်းယှဉ် ဆန်းစစ်ချက် ဖြစ်ပါသည်။ ဤချဉ်းကပ်မှုမှာ တာရှည်ဆင်းရဲနေမှု၏ အကြောင်းများနှင့် ကုစားသည့် နည်းလမ်းများကို အလေးပေးရန် လုံးဝလိုအပ်ပါသည်။ ယင်းအကြောင်းများနှင့် နည်းလမ်းများမှာ တည်ငြိမ်အခြေအနေအတွင်း နှိုင်းယှဉ်ဆန်းစစ်ချက်မှ မကြာခဏ ထွက်ပေါ်လာသည့် ရေရှည်ဆင်းရဲနွမ်းပါးမှု လျှော့ချရေး မဟာဗျူဟာများတွင် ထင်ဟပ်ပေါ်လွင်လျက် ရှိပါသည်။ ၂၀၀၅ ခုနှစ်၏ IHLCA စစ်တမ်း၏ ပထမအကြိမ် ကောက်ယူမှု၏ ဆန်းစစ်ချက်မှာ ဤကျယ်ပြန့်သည့် ချဉ်းကပ်မှု အတိုင်းဆောင်ရွက်ခဲ့ပါသည်။

ဒုတိယအချက်မှာ ရွေ့လျားစီးဆင်းမှု၏ ဆန်းစစ်ချက်သည် အချိန်ကာလတစ်လျှောက် ထပ်တူ အိမ်ထောင်စုများအား ခြေရာခံခြင်း ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ခြင်းက အိမ်ထောင်စုများသည် (၁)ဆင်းရဲနေဆဲဖြစ်သည် (၂) ဆင်းရဲနွမ်းပါးခြင်းမှ လွတ်မြောက်သွားသည် (၃) ဆင်းရဲသွားသည် (၄) မဆင်းရဲပဲရှိနေသည်များကို တစ်စုံတစ်ယောက်အနေဖြင့် ဆုံးဖြတ်နိုင်ရန် အခွင့်ရရှိပါသည်။ မူဝါဒ ချမှတ်ရန် ရည်ရွယ်ချက်များအတွက် ဆင်းရဲနွမ်းပါးမှု ပြဿနာမှာ အချိန်ကာလတစ်လျှောက် ဆင်းရဲနေဆဲ ဖြစ်သော


---

[၇] ဤအပိုင်းက Shaffer, P. 2008 ၏ “New Thinking on Poverty: Implications for Globalisation and Poverty Reduction Strategies.” *UNDESA Working Paper No. 65.* ST/ESA/2008/DWP/65 အပေါ်ခိုင်မာစွာ အခြေပြုထားပါသည်။

အိမ်ထောင်စုများ (တာရှည်ဆင်းရဲနွမ်းပါးသူ) မှပေါ်ပေါက်လာသလား သို့မဟုတ် အိမ်ထောင်စုအများ ဆင်းရဲ နွမ်းပါး သွားကြသည့် အချက်ကြောင့်လား ၊ ယင်းအိမ်ထောင်စုများမှာ နောက်ပိုင်းကာလတွင် ဆင်းရဲခြင်းမှ လွတ်မြောက် သွားနိုင်သည် (ဆင်းရဲနွမ်းပါးမှုအကူးအပြောင်း (သို့) ခဏပန်းဆင်းရဲနွမ်းပါးမှု) ဆိုသည့်အချက်များကို ဆုံးဖြတ်ရန် အရေးပါပါသည်။ ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်းဆိုင်ရာ အစီရင်ခံစာတွင် ဖော်ပြထားသည့် ဆန်းစစ်ချက်မှာ ဤလူဦးရေအုပ်စုများ၏ လေးမျိုးလေးစား အမျိုးအစား ခွဲခြားခြင်းအပေါ် အခြေခံထားပါသည်။ ရှေ့လာမည့် အပိုင်းတွင် ဆွေးနွေးဖော်ပြသကဲ့သို့ ဆင်းရဲနွမ်းပါးမှု အရေအတွက် နှင့် ဆင်းရဲနွမ်းပါးမှုရွေ့လျားစီးဆင်းခြင်းများကို ဖြေရှင်းရန် မူဝါဒများမှာ လွန်စွာ ကွဲပြား ခြားနားနိုင်ပါသည်။ 'လူမှုရေးအကာအကွယ်' ခေါင်းစဥ်အောက် ကျရောက်နေသည့် ရွေးချယ် စရာမူဝါဒ အမျိုးမျိုးမှ ၁ဆင်းရဲနွမ်းပါးမှု ရွေ့လျားစီးဆင်းခြင်းများကို ကိုင်တွယ် ဖြေရှင်းရန် ပိုမို သင့်လျော် နိုင်ပါသည်။

ဆင်းရဲနွမ်းပါးသွားခြင်းနှင့် ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်ခြင်း (ဆင်းရဲနွမ်းပါးမှုသို့ ရွေ့လျားစီးဆင်းခြင်းနှင့် ဆင်းရဲနွမ်းပါးမှုမှ ရွေ့လျားစီးထွက်ခြင်း) တို့အပေါ် အာရုံစူးစိုက်အလေးထားမှုတွင် မေးခွန်းနှစ်ရပ် ပေါ်ပေါက် လာစေပါသည်။ ပထမမေးခွန်းမှာ ရွေ့လျားစီးဆင်းမှုများ၏ သဘောသဘာဝမှာ ဘာလဲဆိုသည့် မေးခွန်း ဖြစ်ပါသည်။ ဤရွေ့လျားစီးဆင်းမှုမှာ ဆင်းရဲတွင်းသို့ ထိုးကျသက်ဆင်းမှုများကို ထင်ဟပ် ပေါ်လွင် စေပါသလား သို့မဟုတ် ဆင်းရဲနွမ်းပါးမှု ပြမျဉ်းအထက်နှင့် အောက်ပိုမို ဖြေးညှင်းစွာ ကူးပြောင်း ပါသလားဆိုသည့် သဘောဖြစ်သည်။ အပိုင်း ၂-၂ က ဤမေးခွန်း အမျိုးအစားများကို ဖြေရှင်း ပေးပါသည်။ ဒုတိယမေးခွန်းမှာ အဘယ်ကြောင့် လူအများဆင်းရဲနွမ်းပါးသွားကြသလဲ (သို့မဟုတ်) ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်သွားကြသလဲဆိုသည့်မေးခွန်း ဖြစ်ပါသည်။ အခြားနည်းဖြင့် ဖော်ပြရပါက အဘယ်ကြောင့် လူအများဆင်းရဲနွမ်းပါးသွားရန် လွယ်ကူနေကြသလဲ သို့မဟုတ် (ဆင်းရဲနေသည့်မှ) ပိုမိုဆင်းရဲသွားရန် လွယ်ကူနေကြသလဲ နှင့် ဤဖြစ်ရပ်ကို သူတို့ မည်သို့တုံ့ပြန်ကြသလဲ ဆိုသည်တို့ ဖြစ်ပါသည်။ အပိုင်း ၂-၃ က ဆင်းရဲနွမ်းပါးဖြစ်လွယ်မှုနှင့် ၎င်း၏ အကြောင်းရင်း ဇာစ်မြစ်များဆိုင်ရာ ပြဿနာအပေါ် အလေးထား ဖော်ပြပါသည်။


ပုံ ၁။ ဆင်းရဲနွမ်းပါးသူအရေအတွက် နှင့် ရွေ့လျားစီးဆင်းမှုများ




## ၂-၂။ ရွေ့လျားစီးဆင်းမှုများအား ရှင်းလင်းဖော်ပြခြင်း

ထင်ရှားပြတ်သားသော ရွေ့လျားမှုလမ်းကြောင်းဖြစ်စဥ်များ ပါဝင်နေသည့်အတွက် 'ဆင်းရဲနွမ်းပါးခြင်း ရွေ့လျားစီးဆင်းမှုများ'၏ အဓိပ္ပာယ်ဝေါဟာရကို ရှင်းလင်းဖော်ပြပါက အသုံးဝင်ပါသည်။ ဤ 'ရှင်းလင်းဖော်ပြခြင်း' လုပ်ငန်းမှာ မူဝါဒချမှတ်ရန် အတွက် ဆက်စပ်မှုရှိပါသည်။ အကြောင်းမူ အဆိုပါ ရွေ့လျားစီးဆင်းမှုများအရ သင့်လျော်လိုက်ဖက်သည့် မူဝါဒ တုံ့ပြန်မှုများ ကွဲပြားခြားနားသွားမည် ဖြစ်သောကြောင့်ဖြစ်သည်။ အောက်ဘက်တွင် ရှိသော ပုံ ၂ က ဤရွေ့လျားစီးဆင်းမှု လမ်းကြောင်းဖြစ်စဥ် အရေအတွက် အချို့၏ စီစဥ်ကျနသော ပုံဖော်ပြချက်တစ်ခုကို ပံ့ပိုးဖော်ပြပါသည်။

ပုံ ၂။ ဆင်းရဲနွမ်းပါးမှု အမျိုးအစားများနှင့် ပြောင်းလဲပုံလမ်းကြောင်းများ




တာရှည်ဆင်းရဲနွမ်းပါးမှုမှာ အချိန်ကာလတစ်လျှောက် ဆင်းရဲနွမ်းပါးမှု စွဲစွဲမြဲမြဲ ဖြစ်ပေါ်နေခြင်းကို ရည်ညွှန်းပါသည်။ လူမှုကာကွယ်ရေးစနစ်ကို တာရှည်ဆင်းရဲနွမ်းပါးမှု အမျိုးအစား တစ်ခုတည်းအား ဖြေရှင်းရန် အထူးတလည်ရည်ရွယ်၍ မကြာခဏ ရေးဆွဲချမှတ်လေ့ရှိသည်။ ဤဖြစ်ရပ်မှာ လူမှုရေး အကူအညီ ကင်းမဲ့နေသည့် အခြေအနေတွင် အနည်းဆုံးလူနေမှု အဆင့်အတန်းကိုမျှ မရရှိသည့် ကာလရှည်ကြာ မှီခိုဆင်းရဲသူများ၏ ကိစ္စရပ်ဖြစ်ပါသည်။ မကြာခဏပင် ဤအချက်မှာ အလုပ်မလုပ်နိုင်သည့် စီးပွားရေးအရ အလုပ်မလုပ်ကိုင်နိုင်သူများ (စီးပွားမရှာနိုင်သူများ) အတွက် သုံးပါသည်။ တာရှည် ဆင်းရဲ နွမ်းပါးမှုမှာ ကာလရှည်ကြာသော (သို့မဟုတ်) အမြဲတမ်း ပေါ်ပေါက်နေသော အခြေအနေတစ်ရပ်ကို ကိုယ်စားပြုပြီး ယင်းအချက်မှာ ဆင်းရဲနွမ်းပါးမှု၏ ပိုမိုခဏပန်းဆန်သည့် အခြားသော ပုံသဏ္ဍာန်များ နှင့် ကွဲပြားခြားနားပါသည်။

ချွတ်ခြုံကျ ဆင်းရဲနွမ်းပါးမှုမှာ ဝင်ငွေ သို့မဟုတ် စားသုံးမှု၏ အစဉ်အမြဲရှိနေသော အစိပ်အပိုင်း အပြောင်း အလဲတစ်ရပ်ဖြစ်ပါသည်။ ချွတ်ခြုံကျ ဆင်းရဲနွမ်းပါးမှုမှာ လူနေမှုအခြေအနေများ ကာလရှည်ကြာသည့် အသစ်အဆင့်သို့ အံ့သြလောက်ဖွယ် ကျဆင်းသွားခြင်းကို ထင်ဟပ်ပါသည်။ချွတ်ခြုံကျဆင်းရဲနွမ်းပါးမှုကို ကာကွယ်ရန်ကိရိယာများမှာ ဆင်းရဲနွမ်းပါးမှုအကူးအပြောင်း(ခဏပန်းဆင်းရဲနွမ်းပါးမှု) ပုံစံမျိုးကို ဖြေရှင်းရန် ရေးဆွဲ ချမှတ် ထားသည့် နည်းလမ်းများနှင့် ဆင်တူနိုင်ပါသည်။

ဖြစ်ရပ်များပေါင်းစပ်၍ ဆင်းရဲနွမ်းပါးမှုမှာ ကာလတိုတစ်ရပ်အတွင်း စွဲမြဲဖြစ်ပေါ်နေသည့် အခြေအနေ များကြောင့် ဆင်းရဲနွမ်းပါးသူ တိုးပွားလာခြင်းကို ရည်ညွှန်းပါသည်။ ဥပမာအားဖြင့် မက်ခရို စီးပွားရေး ဆိုင်ရာ ရုတ်ခြည်းပြောင်းလဲဖြစ်ပျက်မှုများပါဝင်ပြီး ၎င်းတို့မှာ အာရှဘဏ္ဍာရေးအကြပ်အတည်း၊ စီးပွားရေး အသွင်ကူးပြောင်းနေသော နိုင်ငံများ ရင်ဆိုင်နေရသည့် အခြေအနေနှင့် အလားတူ မုဆိုးဖို၊ မုဆိုးမဘဝကဲ့သို့

အဓိက ဘဝစက်ဝန်းဆိုင်ရာ ပြောင်းလဲဖြစ်ပျက်မှုများမှာ ရုတ်ခြည်းအခြေအနေ ပြောင်းလဲဖြစ်ပျက်မှုများ ဖြစ်ကြပါသည်။ ဖြစ်ရပ်များ ပေါင်းစပ်၍ ဆင်းရဲနွမ်းပါးမှု နှင့် ပတ်သက်သည့် အဓိကပြဿနာမှာ လိုအပ်သည့် လူမှုရေး အကာအကွယ် အတိုင်းအတာ နှင့် ကာလရှည်ကြာမှုမှာ အခြားအခြေအနေများနှင့် မတူ ခြားနားမှုရှိခြင်းပင်ဖြစ်သည်။

ရာသီအလိုက် ပြောင်းလဲနေသော ဆင်းရဲနွမ်းပါးမှု (အတက်အကျဖြင့်လှုပ်ရှားနေခြင်း) မှာ ရာသီကာလတစ်လျှောက်တွင် သို့မဟုတ် မကြာခဏ နှင့် ထပ်တလဲလဲ ဖြစ်ပေါ်သည့် သဘာဝရုတ်ခြည်း ဖြစ်ပေါ်သည့် အန္တရာယ်များ၏ နောက်ပိုင်းကာလများတွင် ပုံမှန် အချိန်၌ ရရှိလေ့ရှိသည့် ဝင်ငွေများ ပြောင်းလဲသွားခြင်းကို ရည်ညွှန်းပါသည်။ ဤဆင်းရဲနွမ်းပါးမှုအတွက် သင့်လျော်လိုက်ဖက်သည့် နည်းလမ်းများ၏ သဘာဝ၊ အတိုင်းအတာ နှင့် ကာလရှည်ကြာမှုမှာ ကွဲပြားခြားနားဖွယ်ရှိပါသည်။

ဖော်ပြထားသော'ပုံ'၏ ဘယ်ဘက်အခြမ်းတွင် မဆင်းရဲသူ၊ ဆင်းရဲသူ နှင့် အလွန်တရာ ဆင်းရဲသူ တို့အကြား ခွဲခြားထားမှုမှာ အနည်းဆုံးအကြောင်းနှစ်ရပ်နှင့် ဆက်စပ်မှုရှိပါသည်။ ပထမအချက်မှာ အလွန်တရာ ဆင်းရဲနွမ်းပါးမှုမှာ (ဖြစ်ရိုးဖြစ်စဉ်) ဆင်းရဲနွမ်းပါးမှု နှင့် အရည်အသွေးပိုင်းဆိုင်ရာ (သွင်ပြင်လက္ခဏာ) ခြားနားဟန်ရှိသည့် အခြေအနေတစ်ရပ်ဖြစ်ပါသည်။ ယင်းအခြေအနေတွင် အလွန်တရာ ဆင်းရဲနွမ်းပါးမှုအတွက် မဖြစ်မနေအရေးယူ ဆောင်ရွက်ရမည့်အချက်မှာ အလွန်ပင်ခိုင်မာလှပါသည်။ ဒုတိယအချက်မှာ ဆင်းရဲနွမ်းပါးသူများအတွက် (အခွင့်အလမ်းများ) ထောက်ပံ့ပေးနိုင်မှုမှာ လူမှုရေးကာကွယ်မှုဆိုင်ရာ အမျိုးမျိုးသော ကိရိယာ အမျိုးအစားများ၏ အကြောင်းခြင်းရာ ဖြစ်နေပြီး ယင်းအကြောင်းခြင်းရာမှာလည်း ဆင်းရဲသူ နှင့် မဆင်းရဲသူများကြား အရေးကြီးသော ခြားနားမှုများရှိပါသည်။ အထူးသဖြင့် ဆင်းရဲနွမ်းပါးသူများမှာ အထောက်အကူဖြစ်သော လူမှုအာမခံစနစ်များမှ ချန်လှပ်ခံထားရပါသည်။ ၎င်းတို့မှာ ကျန်းမာရေး၊ အလုပ်လက်မဲ့ သို့မဟုတ် မသန်မစွမ်းများ ခံစားရသော အာမခံစနစ်မျိုးများဖြစ်ပါသည်။ ဤကဲ့သို့ လူမှုအာမခံစနစ်များမှ ဆင်းရဲနွမ်းပါးသူများ ချန်လှပ်ခံထားရခြင်းမှာ ပရီမီယံ အာမခံကြေးများ မထမ်းဆောင်နိုင်ခြင်း နှင့် ပုံမှန်ဝင်ငွေမရရှိသည့်အတွက် ပုံမှန်ပေးဆောင်ရသည့် သတ်မှတ်ချက် အစီအစဉ်ကို မဖြည့်ဆည်းနိုင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

အပိုင်း ၅ ၏လူဦးရေဆိုင်ရာ ပင်ကိုလက္ခဏာများ၏ ကိန်းဂဏန်းအချက်အလက်များက မြန်မာနိုင်ငံရှိ (ဆင်းရဲနွမ်းပါးမှု) ရွေ့လျားစီးဆင်းခြင်း၏ သဘောသဘာဝ နှင့် ပတ်သက်သည့် အချို့သော ကောက်ချက်ချမှုများ ချမှတ်နိုင်စေပါသည်။ ဥပမာအားဖြင့် အိမ်ထောင်ရေးအခြေအနေ သို့မဟုတ် အိမ်ထောင်စု လူဦးရေဆိုင်ရာ မှီခိုမှုအချိုးများ နှင့် ပတ်သက်သည့် သတင်းအချက်အလက်များမှာ မုဆိုးမဘဝ ဖြစ်မှု သို့မဟုတ် ကလေးစောစောရရှိမှု စသည့် ဘဝစက်ဝန်းဆိုင်ရာ အချက်များနှင့် ဆင်းရဲနွမ်းပါးသွားမှု အကြား ဆက်နွယ်မှုရှိသည်ကို ညွှန်ပြပါသည်။ ယေဘုယျအားဖြင့် 'ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်းဆိုင်ရာ အစီရင်ခံစာ' တွင် ဖော်ပြထားသည့် ကိန်းဂဏန်းအချက်အလက်များမှာ (ဆင်းရဲနွမ်းပါးမှု) ရွေ့လျား စီးဆင်းခြင်းများအား လက်တွေ့ကျကျ သတင်းအခြေခံသိနားလည်မှု ဆီသို့ ဦးတည်သည့် ပထမခြေလှမ်း တစ်လှမ်းဖြစ်ပါသည်။

## ၂-၃ ။ ဆင်းရဲနွမ်းပါးဖြစ်လွယ်မှုနှင့် ၎င်း၏ဇာစ်မြစ်များ


ဆင်းရဲနွမ်းပါးမှုအကူးအပြောင်းများ နှင့် ရွေ့လျားစီးဆင်းခြင်းများ အပေါ် အာရုံစူးစိုက်မှုမှာ ဆင်းရဲနွမ်းပါးဖြစ်လွယ်မှု အယူအဆ သို့မဟုတ် ဆင်းရဲသွားနိုင်သည့် ဖြစ်နိုင်ခြေ သို့မဟုတ် အလွန်အမင်းဆင်းရဲသွားနိုင်သည့် ဖြစ်နိုင်ခြေတို့ကို ဂရုပြုအလေးထားခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် 'ဆုတ်ယုတ်မှုအန္တရာယ်' ဟူ၍လည်း ဖော်ပြနိုင်ပါသည်။

အောက်ဘက် ပုံ ၃ တွင် ဖော်ပြထားသကဲ့သို့ ဆင်းရဲနွမ်းပါးဖြစ်လွယ်မှုမှာ အဓိက အချက်နှစ်ချက် ကြောင့် ဖြစ်ပေါ်နိုင်ပါသည်။ ၎င်းတို့မှာ အကျဘက် ဖိအားများအား ထိတွေ့မှုနှင့် တုံ့ပြန်မှု တို့ဖြစ်ပါသည်။ အကျဘက် ဖိအားများမှာ တစ်ခါတစ်ရံ 'ဖိစီးမှုများနှင့် တုန်လှုပ်ဖွယ်ရာ ရုတ်ခြည်းအဖြစ်အပျက်များ' ကိုရည်ညွှန်းပါသည်။ ဖိစီးမှုများမှာ ဖြည်းဖြည်းနှင့် စုစည်းဖြစ်ပေါ်လာတတ်ပြီး တုန်လှုပ်ဖွယ်ရာ ရုတ်ခြည်းအဖြစ်အပျက်များမှာ ရုတ်တရက် နှင့် မမျှော်လင့်ပဲ ဖြစ်ပေါ်တတ်ပါသည်။ အကျဘက် ဖိအားခြောက်မျိုးမှာ ကမ္ဘာ့တောင်ဘက် နိုင်ငံများတွင် အဓိကအားဖြင့် အရေးကြီးပါသည်။

- နာမကျန်းဖြစ်ခြင်း
- အကြမ်းဖက်မှု/ပဋိပက္ခ
- သဘာဝဘေးအန္တရာယ်
- သီးနှံများပျက်စီးဆုံးရှုံးခြင်း
- ကုန်သွယ်မှုအချိုး ဆိုးရွားခြင်း
- အလုပ်အကိုင်ဆုံးရှုံးခြင်း

အကျဘက်ဖိအားနှင့် ထိတွေ့မှုများမှာ အရွယ်ပမာဏ ဖြစ်ပေါ်မှုအကြိမ်၊ အချိန်အခါ နှင့် အဆိုပါ အဓိက ဖိအားများ၏ စုပြုံဖြစ်ပေါ်မှုအရ ကွဲပြားခြားနားပါသည်။ အလားတူ ဖိအားနှင့် နေရာဒေသနီးကပ်မှုအရလည်း ကွဲပြားပါသည်။ တစ်ဦးချင်း အဆင့် သို့မဟုတ် ရပ်ရွာ အဖွဲ့အစည်းအဆင့်တွင် အကျဘက်ဖိအားများအား 'တုံ့ပြန်ဆောင်ရွက်မှုကို ဖြေရှင်းမှု သို့မဟုတ် ဘဝရှင်သန်မှုဆိုင်ရာ မဟာဗျူဟာများ' ဟု ရည်ညွှန်းပါသည်။ ယင်းတို့တွင် မိတ်ဆွေများနှင့် အိမ်နီးချင်းများထံမှာ ချေးယူမှုများ၊ ရွေ့ပြောင်းသွားခြင်း၊ ပစ္စည်းများရောင်းချခြင်း၊ စုငွေများ ထုတ်ယူခြင်း စသည့် နည်းလမ်းများပါဝင်ပါသည်။ အထက်တွင် ဆွေးနွေးခဲ့သည့် အတိုင်း မူဝါဒ ဆိုင်ရာ အဆင့်တွင် တုံ့ပြန်မှုများမှာ လူမှုကာကွယ်ရေးစနစ် ခေါင်းစဉ်အောက်တွင် ရှိပါသည်။ အောက်ဘက်တွင် ဆွေးနွေးသကဲ့သို့ လူမှုကာကွယ်ရေး နည်းလမ်းများအကြား အရေးကြီးသော ကွဲပြားခြားနားချက်မှာ ဆင်းရဲနွမ်းပါးမှုဖြစ်လွယ်မှု သံသရာအတွင်း ၎င်းတို့မှာ မည်သည့်နေရာတွင် ရှိနေသည်ဆိုသည့် အချက်ဖြစ်ပါသည်။

ပုံ ၃ ။ ဆင်းရဲနွမ်းပါး ဖြစ်လွယ်မှု သံသရာ




အန္တရာယ်လျော့နည်းစေခြင်း ယန္တယားများ (နည်းလမ်းများ) မှာ တုန်လှုပ်ဖွယ်ရာ ရုတ်ခြည်း အဖြစ်အပျက် သို့မဟုတ် ဖိစီးမှုများ မဖြစ်ပေါ်မီ ကြိုတင်၍ ဆောင်ရွက်သည့် နည်းလမ်းများဖြစ်သည်။ ဤနည်းလမ်းများက ဖြစ်ပေါ်နိုင်သည့် အန္တရာယ်ကို လျော့နည်းသွားရန် ရည်ရွယ်ပါသည်။ ဥပမာများမှာ ငွေကြေးဆိုင်ရာ အကြပ်အတည်းအန္တရာယ်ကို လျော့နည်းစေရန် မက်ခရို စီးပွားရေးဆိုင်ရာ မူဝါဒ (ဥပမာ၊ လွန်လွန်ကဲကဲ တန်ဖိုးမြင့် တင်ထားသော ငွေကြေးလဲလှယ်နှုန်းကို အသုံးမပြုခြင်း) နှင့် လုပ်သားဆိုင်ရာ စံသတ်မှတ်ချက်များ ပါဝင်ပါသည်။ လုပ်သားဆိုင်ရာ စံသတ်မှတ်ချက်များမှာ တစ်ဖက်သတ်မိမိသဘောဖြင့် အလုပ်ဖြုတ်ပစ်မှုကြောင့် အလုပ်လက်မဲ့ ဖြစ်ခြင်း သို့မဟုတ် ဘေးကင်း မှုမရှိသော အလုပ်လုပ်ကိုင်ရသည့် အခြေအနေများကြောင့် ထိခိုက်ဒဏ်ရာ ရရှိခြင်းစသည့် အန္တရာယ်ကို လျော့နည်းစေပါသည်။

အန္တရာယ် လျော့ပါးသက်သာစေခြင်း နည်းလမ်းများအား တုန်လှုပ်ဖွယ်ရာ ရုတ်ခြည်းအဖြစ်အပျက်များကို ကြိုတင်မျှော်လင့်ပြီး ၄င်းအဖြစ်အပျက်၏ အလွန်ဆိုးရွားသော အကျိုးသက်ရောက်မှုကို အနည်းဆုံးဖြစ်ရန် အသုံးပြုဆောင်ရွက်ပါသည်။ တစ်ဦးချင်း နှင့် ရပ်ရွာ အဖွဲ့အစည်းအဆင့်တွင် ပုံမှန်မဟုတ်ပဲ သင့်လျော်သလို ဆောင်ရွက်သော အန္တရာယ်လျော့ပါးသက်သာစေရေး ယန္တယား (နည်းလမ်း) များရှိပါသည်။ ၄င်းတို့တွင် ဝင်ငွေရရှိစေသည့် ဇာစ်မြစ်များ အမျိုးမျိုးများပြား၍ ကွဲပြားဖြစ်ပေါ်စေခြင်း၊ လယ်ယာလုပ်သားအတွက် သို့မဟုတ် ဝင်ငွေရရှိရန်အတွက် ကြီးမားသော အိမ်ထောင်စုများကို ရွေးချယ်ခြင်း၊ သီးနှံခွဲဝေစိုက်ပျိုးခြင်း (သီးစားချခြင်း) ကဲ့သို့ ကန်ထရိုက် အစီအမံများချမှတ်ဆောင်ရွက်ခြင်း တို့ဖြစ်ပြီး ဤစနစ်မှာ ဘဝ လုံခြုံမှုအတွက် မြင့်မားသော ဝင်ငွေများအား အတိုးအလျော့လုပ်ပေးရသည့် သဘောဖြစ်ပါသည်။ နိုင်ငံတော်၏မူဝါဒ ရှုထောင့်အတွက် ဥပမာများမှာ အသေးစား ငွေချေးလုပ်ငန်းကို တိုးချဲ့ခြင်း၊ အာမခံ စနစ်ထားပေးခြင်းနှင့် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းအစီအစဥ်များပါဝင်ပါသည်။

အန္တရာယ်ဖြေရှင်းသည့် နည်းလမ်းများကို တုန့်လှုပ်ဖွယ်ရာ ရုတ်ခြည်း အဖြစ်အပျက်များ ဖြစ်ပေါ်ပြီးနောက် ဆောင်ရွက်သည်။ အထက်တွင်ဖော်ပြသကဲ့သို့ပင် ပုံမှန်မဟုတ်ပဲ သင့်လျော်သလို ဆောင်ရွက်ရသော အန္တရာယ်ဖြေရှင်းမှု ယန္တယားများ (နည်းလမ်းများ) ရှိပါသည်။ ၎င်းတို့မှာ ပိုင်ဆိုင်သည့်ပစ္စည်းများအား ရောင်းချခြင်း၊ စုငွေများထုတ်ယူခြင်း သို့မဟုတ် အရံသိုလှောင်သီးနှံများအားထုတ်ယူခြင်း၊ ရွှေ့ပြောင်း လုပ်သားများ၏ လွှဲပို့ငွေများ ထုတ်ယူခြင်းနှင့် စားသုံးရန် ရည်ရွယ်ချက်ဖြင့် ငွေချေးယူခြင်း စသည်တို့ဖြစ်ပါသည်။ နိုင်ငံတော်၏မူဝါဒ နှင့် ပတ်သက်၍ ဖော်ပြရပါလျှင် အန္တရာယ်ဖြေရှင်းမှုကို လူမှုရေး အကူအညီအစီအစဉ်များ ၊ ကုန်ပစ္စည်းထောက်ပံ့မှုများစသည့် လွှဲပြောင်းပေးမှုများဖြင့် လွယ်ကူချောမွေ့စေ ပါသည်။

## ၂-၄ ။ နည်းပညာဆိုင်ရာ ပြဿနာများ

IHLCA ကဲ့သို့ အချက်အလက် စုစည်းရရှိမှု အပေါ်အခြေခံပြီး ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်း သို့မဟုတ် ဆင်းရဲနွမ်းပါးဖြစ်လွယ်မှုကို ဆန်းစစ်ရာတွင် အသုံးပြုနိုင်သည့် နည်းပညာဆိုင်ရာ ချဉ်းကပ်မှုများ ရှိပါသည်။ ဆင်းရဲနွမ်းပါးဖြစ်လွယ်မှုအတွက် ပုံစံပြုနည်းလမ်းများကို အသုံးပြုပြီး ယင်းတို့က မျှော်လင့်သည့် အိမ်ထောင်စု ဝင်ငွေ သို့မဟုတ် စားသုံးမှု၏ သမတ်ကိန်း နှင့် ကွဲလွဲချက်ကို ခန့်မှန်းပါသည်။ ဆင်းရဲနွမ်းပါးမှုရွေ့လျားပြောင်းလဲခြင်းအတွက် အလားတူပုံစံ မော်ဒယ် (model) များကို အသုံးပြု၍ ဆင်းရဲသွားနိုင်သည့် ဖြစ်တန်စွမ်း သို့မဟုတ် ဆင်းရဲခြင်းမှလွတ်မြောက်သွားနိုင်သည့် ဖြစ်တန်စွမ်းနှင့် ဝင်ငွေ နှင့် စားသုံးမှုအသုံးစရိတ် အပြောင်းအလဲများ၏ ဆက်စပ်မှုများကို ပိုမိုယေဘုယျကျစွာ ခန့်မှန်းပါသည်။

ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်းအစီရင်ခံစာတွင် အသုံးပြုသည့် ချဉ်းကပ်မှုမှာ ပိုမို ပုံမှန်ဖြစ်သည့် ပုံစံ ပြုလုပ်လေ့ကျင့်ပြုစုမှုများ၏ ပဏာမ ကြိုတင်လုပ်ဆောင်ချက်သာ ဖြစ်ပါသည်။ ၎င်းက ဆင်းရဲနွမ်းပါးမှု အကူးအပြောင်းဖြန့်ဝေကိန်း၏ အဓိက အမျိုးအစား လေးမျိုး၏ သရုပ်ဖော် စာရင်းအင်းများကို တင်ပြ ပါသည်။ ၎င်းတို့မှာ (၁) ဆင်းရဲသွားသူများ (၂) ဆင်းရဲခြင်းမှလွတ်မြောက်သူများ (၃) တာရှည်ဆင်းရဲသူများ (၄) မဆင်းရဲသူ တို့ဖြစ်ပါသည်။ ရည်ညွှန်းရန်အတွက် ဆင်းရဲနွမ်းပါးမှု အခြေအနေ အစီရင်ခံစာအရ ၂၀၁၀ ပြည့်နှစ်တွင် ဆင်းရဲနွမ်းပါးမှု ပြမျဉ်းအောက် ရောက်ရှိနေသူများအတွက် သရုပ်ဖော် စာရင်းအင်းများ ကိုလည်း ဖော်ပြပါသည်။

ဤကိန်းဂဏန်းအချက်အလက်များက စိတ်ဝင်စားဖွယ် နှိုင်းယှဉ်ချက်အချို့ကို နှိုင်းယှဉ်ခွင့်ရပါသည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ဆင်းရဲသွားသူများ နှင့် တာရှည်ဆင်းရဲသူများ၏ ပင်ကိုလက္ခဏာများ ဖြစ်၍ ၎င်းတို့မှာ ဆင်းရဲနွမ်းပါးမှု အမျိုးအစား နှစ်မျိုးဖြစ်ပြီး ဆင်းရဲနွမ်းပါးသူအရေအတွက် စံပြုထားသော တည်ငြိမ်အခြေအနေအတွင်း နှိုင်းယှဉ် စိစစ်ရန် ခွဲခြားမရသည့် အမျိုးအစားများဖြစ်ပါသည်။ (အပိုင်း ၂-၁ တွင်ကြည့်ပါ)။
- ဆင်းရဲခြင်းမှလွတ်မြောက်သွားသူများ၏ ပင်ကိုလက္ခဏာများ
- တစ်ဖက်တွင် ဆင်းရဲသွားသူများ နှင့် တာရှည်ဆင်းရဲသူများ၏ ပင်ကိုလက္ခဏာများ နှင့် အခြား တစ်ဖက်တွင် ၂၀၁၀ ပြည့်နှစ်ရှိ ဆင်းရဲသူများ ၏ ပင်ကိုလက္ခဏာများ (အောက်ဘက်တွင် ရှုမြင်နိုင် သော်လည်း)

ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်း ဆိုင်ရာ အစီရင်ခံစာရှိ ကိန်းဂဏန်း အချက် အလက်များကို သုံးသပ်ရာတွင် မှတ်သားသင့်သည့် နည်းပညာဆိုင်ရာ အချက်လေးချက်ရှိပါသည်။

ပထမအချက်မှာ ၂၀၀၅-၂၀၁၀ ယခင်စစ်တမ်းနှင့် ယခုစစ်တမ်း ထပ်တူယူထားသည့် ယူနစ်များမှာ ၂၀၁၀ ပြည့်နှစ် စုစည်းထားသော ကိန်းဂဏန်းအချက်အလက်အားလုံးတွင် အသုံးပြုသည့် ဦးရေ နမူနာ၏ ၅၀% အပေါ် အခြေတည်ထားပါသည်။ ထို့ပြင် အထက်တွင် ဆွေးနွေးခဲ့သည့်အတိုင်း ဦးရေ အလေးတင်မှု များမှာလည်း ၂၀၀၅ ခုနှစ်မှ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဆင်းရဲနွမ်းပါးမှု ကိန်းဂဏန်း အချက်အလက်များ နှင့် ဆင်းရဲနွမ်းပါးမှု အကူးအပြောင်းဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို တိတိကျကျ မနှိုင်းယှဉ်ရပါ။ ယင်းအချက်မှာ အထက်တွင်ဖော်ပြခဲ့သည့် နှိုင်းယှဉ်ချက်များတွင် နောက်ဆုံး နှိုင်းယှဉ်ချက်အတွက် အဓိက ဆက်စပ်မှုရှိပါသည်။

ဒုတိယအချက်မှာ ဖော်ပြသည့် များပြားသော စာရင်းအင်းများအတွက် စံမှားယွင်းချက်များမှာ မြင့်မားလေ့ ရှိပါသည်။ဆင်းရဲနွမ်းပါးမှု အကူးအပြောင်းဖြစ်နိုင်ခြေကိန်းရှိ အမျိုးအစားများအကြား နှိုင်းယှဉ်ရာတွင် ဤအချက်ကို စိတ်ထဲတွင်သိရှိထားသင့်သည်။

တတိယအချက်မှာ တိုင်းတာမှုအမှား ဖြစ်ပါသည်။ ဆိုလိုသည်မှာ အိမ်ထောင်စု စားသုံးမှု အကြောင်း ဖြေကြားသူအမှားမှာ ဆင်းရဲနွမ်းပါးသူ အရေအတွက်ထက် ထပ်တူ ယူနစ်ကိန်းဂဏန်း အချက်အလက်များအတွက် ပိုမို၍ ပြဿနာကြီးမားပါသည်။ ဆင်းရဲနွမ်းပါးသူ အရေအတွက်ကို လေ့လာသည့် အခါတွင် ကျိုးကြောင်း ဆီလျော်သည့် ယူဆချက်မှာ စားသုံးမှုအကြောင်းပိုပြီး သတင်းပေးမိခြင်းနှင့် လိုပြီးသတင်းပေးမိခြင်းတို့မှာ လုံလောက်များပြားသည့် အရေအတွက်များ အကြား ထိန်းညှိသွားမည်ဖြစ်သည်။ သို့ဖြစ်၍ ခြုံငုံဖော်ပြသော ဆင်းရဲနွမ်းပါးမှု ခန့်မှန်းခြင်းမှာ ဘက်လိုက်မှု ကင်းမည်ဖြစ်ပါသည်။ သို့သော် ထပ်တူယူနစ် အချက်အလက်များတွင်မူ ဆင်းရဲနွမ်းပါးမှု ပြမျဉ်း ဝန်းကျင်ပိုပြီး သတင်းပေးမိခြင်း နှင့် လိုပြီး သတင်းပေးမိခြင်း တို့မှာ အဖြစ်မှန်မဟုတ်သော ဖောင်းပွသည့် ဆင်းရဲသွားသူ နှင့် ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူ အရေအတွက်များနှင့် အဖြစ်မှန်မဟုတ်သော ဖေါင်းပွသည့် အကူးအပြောင်းကာလ ဆင်းရဲနွမ်းပါးမှု (ခဏပန်းဆင်းရဲ နွမ်းပါးမှု) ပမာဏ၏ အကျိုးသက်ရောက်မှုကို ဖြစ်စေပါသည်။ *ဆင်းရဲနွမ်းပါးမှု ရွေ့လျား ပြောင်းလဲခြင်းဆိုင်ရာ အစီရင်ခံစာ*ပါ ကိန်းဂဏန်း အချက်အလက်များမှာ တိုင်းတာမှု အမှားအတွက် ကိုက်ညှိထားခြင်းမရှိပါ။ သို့ဖြစ်ပါ၍ အကူးအပြောင်း ကာလဆင်းရဲနွမ်းပါးမှု (ခဏပန်းဆင်းရဲ နွမ်းပါးမှု) ပမာဏကို ပိုလွန် ခန့်မှန်းထားဟန်ရှိပါသည်။ ထို့အပြင် တိုင်းတာမှု အမှားသည် ကူးပြောင်းခြင်း ဖြစ်နိုင်ခြေကိန်းရှိ အမျိုးအစား လေးမျိုး၏ ခြားနားသော ပင်ကိုလက္ခဏာများကို လျော့ပေါ့ ဖော်ပြမည် ဖြစ်ပြီး ကွဲပြားအုပ်စုများ အကြားခြားနားထားသည့်မျဉ်းမှာ ထင်ရှားမှု လျော့နည်းလာပါသည်။

စတုတ္ထအချက်မှာ အိမ်ထောင်စုများ ပြန်းတီးပျောက်ကွယ်မှု သို့မဟုတ် စာရင်းအခြေခံမျဉ်းနှင့် နောက်ပိုင်း တွင် ထပ်တူယူနစ်များ ပျောက်သွားခြင်း၊ ပြန်လည်ပေါ်ပေါက်လာခြင်းတို့အကြား အိမ်ထောင်စုများ ပျောက်ကွယ်နေခြင်းမှာ ယခင်စစ်တမ်းပါ ထပ်တူယူနစ် အချက်အလက်များအတွက် အရေးပါသည့် ကြီးမားသော ပြဿနာတစ်ရပ် ဖြစ်ပါသည်။ အကြောင်းမှာ (အိမ်ထောင်စုများ) ပြန်းတီးပျောက်ကွယ်မှုမှာ ကျပန်းသဘောမျိုး မဖြစ်နိုင်ပဲ ဦးရေခြားနားချက်များကို ထင်ဟပ်နေပြီး ယင်းအချက်က အိမ်ထောင်စု စားသုံးမှု သို့မဟုတ် ဝင်ငွေခြားနားချက်များကို ဖြစ်ပေါ်စေပါသည်။ တစ်ဦးချင်း ပျောက်ဆုံးနေသူများမှာ ငွေကြေးပိုမို အဆင်ပြေသူ ပညာတတ်သူများ ဖြစ်နေပါက ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူ အရေအတွက် ခန့်မှန်းမှုများတွင် အကျဘက်သို့ ဘက်လိုက် ခန့်မှန်းမှုဖြစ်ပါလိမ့်မည်။ အကြောင်းမူ တစ်ဦးချင်းမှာ စာရင်းအင်း စုစည်းမှုတွင် မရှိသောကြောင့် ဖြစ်ပါသည်။ ပြန်းတီးပျောက်ကွယ်မှု နှင့် ပတ်သက်သည့် ဘက်လိုက်မှု ကိုဖြေရှင်းရန် စာအုပ်စာပေ များတွင် နည်းလမ်းအမျိုးမျိုး ရှိပါသည်။ ဤနည်းလမ်းများက ပျောက်ကွယ်သွားသူများ၏ မူလသတ်မှတ်ထားသည့် ပင်ကိုလက္ခဏာများအပေါ် အခြေခံသည့် ရလဒ် များကို ကိုက်ညှိပေးပါသည်။ ထွက်ပေါ်လာသည့် ဘက်လိုက်မှု၏ အရွယ်ပမာဏ နှင့် ဦးတည်

လမ်းကြောင်းမှာ လက်ရှိ ဖြစ်ရပ်အရ ဒိဌဓမ္မအကျိုးကို မသိနိုင်သည့် အခြေအနေတွင် ရှိသော်လည်း *ဆင်းရဲနွမ်းပါးမှု ရွှေ့လျားပြောင်းလဲခြင်း အစီရင်ခံစာ*တွင် ဖော်ပြထားသည့် ကိန်းဂဏန်း အချက်အလက်များမှာ ပြန်းတီးပျောက်ကွယ်မှုအတွက် ကိုက်ညီထားခြင်းမရှိပါ။

# ၃ ။ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်း

ဇယား ၁ က ၂၀၀၅ ခုနှစ် နှင့် ၂၀၁၀ ပြည့်နှစ်အတွင်း ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်းကို ကူးပြောင်းခြင်း ဖြန့်စီကိန်းပုံစံဖြင့် တင်ပြ၍ ဤဖြန့်စီကိန်းက အထက်တွင် ဖော်ပြသည့် အိမ်ထောင်စုများ၏ အမျိုးအစားလေးမျိုးကို ဖော်ပြပါသည်။ မှတ်သားရန် ဆက်စပ်သော အချက်လေးချက်ရှိပါသည်။

- ယေဘုယျအားဖြင့် ဆင်းရဲသွားသူများနှင့် ဆင်းရဲခြင်းမှလွတ်မြောက်သူများ ပါဝင်သည့် ဆင်းရဲနွမ်းပါးမှု အကူးအပြောင်း (ခဏပန်းဆင်းရဲနွမ်းပါးမှု) မှာ မြန်မာနိုင်ငံတွင် သိသာသည့် ထူးခြားဖြစ်စဉ် တစ်ရပ်ဖြစ်သည်။ ဤကိန်းဂဏန်း အချက်အလက်များက ညွှန်ပြသည်မှာ ဆင်းရဲနွမ်းပါးမှု အကူးအပြောင်း (ခဏပန်းဆင်းရဲနွမ်းပါးမှု) မှာ တာရှည်ဆင်းရဲနွမ်းပါးမှု၏ ၃ ဆနီးပါးရှိ၍ အိမ်ထောင်စုများ၏ ၂၈% နှင့် ၁၀% အသီးသီးရှိပါသည်။ ဆင်းရဲနွမ်းပါးမှု၏ သိသာသော အစိတ်အပိုင်းတစ်ရပ်မှာ တိုင်းတာမှုအမှားကြောင့် ဖြစ်ပေါ်လျှင်ပင် ၎င်း၏ အရွယ် ပမာဏမှာ ထူးခြားလျက်ပင်ရှိပါသည်။
- ကျေးလက်နှင့် မြို့ပြဒေသများတွင် နှိုင်းယှဥ်ချက်အရ ဆင်းရဲနွမ်းပါးမှု အကူးအပြောင်း (ခဏပန်းဆင်းရဲနွမ်းပါးမှု)က တာရှည်ဆင်းရဲနွမ်းပါးမှုထက် ပိုမိုမြင့်မားသော အဆင့်များရှိ၍ မြို့ပြဒေသတွင် ၁၉% နှင့် ၅% နှင့် ကျေးလက် ဒေသတွင် ၃၁% နှင့် ၁၂% အသီးသီးရှိပါသည်။
- ဤဖြစ်ပေါ်မှုပုံစံမှာ ပြည်နယ်နှင့်တိုင်းဒေသကြီး အများစုတွင် ထပ်မံဖြစ်ပေါ်လျက် ရှိပါသည်။ သို့သော် မြင့်မားသော စံမှားယွင်းချက်များက အဓိပ္ပာယ်ဖော်ဆောင်ရာတွင် ချင့်ချိန်သတိပြုရန် နှိုးဆော် ပါသည်။ စိတ်ဝင်စားဖွယ်ကောင်းသည့် အချက်မှာ ချင်းပြည်နယ် နှင့် ရန်ကုန်တိုင်းဒေသကြီး ကဲ့သို့ မြင့်မားသော ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု နှင့် နိမ့်ကျသော ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု ရှိသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှာ ဆင်းရဲနွမ်းပါးမှု အကူးအပြောင်း(ခဏပန်းဆင်းရဲနွမ်းပါးမှု) မြင့်မားသည့်အဆင့် ဖြစ်ပေါ်နေသည် ဆိုသည့်အချက် ဖြစ်ပါသည်။

ဆင်းရဲတွင်းသို့ သက်ဆင်းသွားသူများ (အိမ်ထောင်စုများ၏ ၁၁.၃%) နှင့် ဆင်းရဲခြင်းမှ လွတ်မြောက် သူများ (အိမ်ထောင်စုများ၏ ၁၆.၅%) ၏နှစ်စုလုံး၏ ပမာဏမှာ သိသာထူးခြားသည်ဟု ယူဆရ ပါသည်။

## ဇယား ၁ ။ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု အကူးအပြောင်းများ

| ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု | ဆင်းရဲနွမ်းပါးမှု အကူးအပြောင်းများ | | | | ၂၀၁၀ ပြည့်နှစ် ဆင်းရဲနွမ်းပါးမှု |
|---|---|---|---|---|---|
| | ဆင်းရဲသွားသူများ | ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူများ | တာရှည် ဆင်းရဲသူများ | မဆင်းရဲသူများ | |
| ကချင် | ၈.၉ (၂.၂၅) | ၂၃.၆ (၆.၆၈) | ၁၂.၅ (၁.၁၅) | ၅၅.၁ (၅.၉၀) | ၂၈.၆ (၂.၆၂) |
| ကယား | ၄.၉ (၀.၁၄) | ၁၉.၇ (၁.၄၉) | ၃.၇ (၁.၄၀) | ၇၁.၇ (၀.၀၅) | ၁၁.၄ (၀.၃၇) |
| ကရင် | ၁၃.၀ (၀.၉၀) | ၉.၅ (၃.၇၂) | ၁.၉ (၀.၂၀) | ၇၅.၆ (၃.၄၄) | ၁၇.၄ (၀.၅၀) |
| ချင်း | ၁၇.၄ (၇.၂၅) | ၂၀.၆ (၁.၉၀) | ၅၁.၅ (၈.၀၆) | ၁၀.၅ (၁.၆၆) | ၇၃.၃ (၂.၁၈) |
| စစ်ကိုင်း | ၇.၅ (၀.၆၇) | ၁၉.၁ (၄.၂၂) | ၃.၁ (၀.၅၈) | ၇၀.၃ (၄.၉၂) | ၁၅.၁ (၁.၄၉) |
| တနင်္သာရီ | ၁၅.၃ (၃.၃၃) | ၁၃.၂ (၁.၈၅) | ၁၅.၀ (၅.၉၅) | ၅၆.၆ (၈.၇၇) | ၃၂.၆ (၉.၄၃) |
| ပဲခူး | ၉.၇ (၁.၃၂) | ၁၇.၉ (၃.၂၅) | ၅.၆ (၀.၇၁) | ၆၆.၈ (၃.၂၄) | ၁၈.၃ (၂.၀၀) |
| ပဲခူး(အရှေ့) | ၁၀.၅ (၂.၃၃) | ၁၉.၁ (၄.၈၅) | ၆.၂ (၁.၁၇) | ၆၄.၃ (၄.၀၇) | ၂၀.၂ (၃.၅၇) |
| ပဲခူး (အနောက်) | ၈.၉ (၁.၁၉) | ၁၆.၇ (၄.၂၅) | ၅.၀ (၀.၈၄) | ၆၉.၄ (၅.၁၀) | ၁၅.၉ (၁.၀၇) |
| မကွေး | ၁၃.၃ (၁.၇၀) | ၂၄.၇ (၆.၄၁) | ၁၁.၃ (၂.၅၉) | ၅၀.၈ (၅.၅၁) | ၂၇.၀ (၂.၉၈) |
| မန္တလေး | ၈.၀ (၁.၆၆) | ၂၀.၅ (၂.၃၉) | ၁၄.၈ (၃.၈၃) | ၅၆.၆ (၅.၄၃) | ၂၆.၆ (၅.၇၇) |
| မွန် | ၉.၀ (၁.၈၃) | ၁၁.၇ (၅.၃၆) | ၄.၅ (၀.၇၄) | ၇၄.၈ (၄.၃၄) | ၁၆.၃ (၁.၅၃) |
| ရခိုင် | ၁၉.၈ (၅.၅၈) | ၁၆.၂ (၁.၅၄) | ၁၇.၀ (၄.၀၁) | ၄၇.၀ (၉.၃၁) | ၄၃.၅ (၇.၂၄) |
| ရန်ကုန် | ၉.၉ (၁.၂၂) | ၇.၀ (၃.၈၂) | ၃.၃ (၁.၆၁) | ၇၉.၈ (၅.၁၄) | ၁၆.၁ (၁.၆၈) |
| ရှမ်း | ၁၂.၅ (၄.၀၄) | ၂၁.၀ (၂.၅၁) | ၁၈.၃ (၄.၉၇) | ၄၈.၂ (၁၀.၆၆) | ၃၃.၁ (၇.၂၂) |
| ရှမ်း (တောင်) | ၁၄.၃ (၈.၈၄) | ၁၈.၃ (၅.၄၃) | ၁၀.၀ (၈.၁၅) | ၅၇.၄ (၂၂.၄၁) | ၂၅.၂ (၁၄.၇၇) |
| ရှမ်း (မြောက်) | ၉.၈ (၀.၇၇) | ၂၃.၇ (၁.၄၄) | ၂၆.၂ (၇.၆၅) | ၄၀.၃ (၈.၅၁) | ၃၇.၄ (၈.၇၂) |
| ရှမ်း (အရှေ့) | ၁၅.၈ (၄.၂၃) | ၂၁.၁ (၁.၄၈) | ၂၁.၁ (၆.၂၆) | ၄၂.၁ (၃.၃၄) | ၄၆.၄ (၃.၇၇) |
| ဧရာဝတီ | ၁၄.၃ (၁.၆၀) | ၁၃.၃ (၀.၈၈) | ၁၁.၅ (၁.၆၃) | ၆၀.၉ (၂.၁၆) | ၃၂.၂ (၂.၉၄) |
| မြို့ပြ | ၇.၄ (၀.၉၃) | ၁၁.၆ (၁.၃၃) | ၅.၀ (၀.၆၄) | ၇၆.၀ (၁.၇၄) | ၁၅.၇ (၁.၀၈) |
| ကျေးလက် | ၁၂.၇ (၀.၇၅) | ၁၈.၃ (၁.၃၄) | ၁၁.၉ (၁.၀၉) | ၅၇.၁ (၁.၉၅) | ၂၉.၂ (၁.၅၅) |
| **ပြည်ထောင်စု** | **၁၁.၃ (၀.၆၆)** | **၁၆.၅ (၁.၁၇)** | **၁၀.၀ (၀.၈၉)** | **၆၂.၁ (၁.၈၄)** | **၂၅.၆ (၁.၃၆)** |

ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

# ၄ ။ တုန်လှုပ်ဖွယ်ရာ ရုတ်ခြည်းအဖြစ်အပျက်များနှင့် ဖိစီးမှုများ

အပိုင်း ၂-၃ တွင် ဆွေးနွေးသကဲ့သို့ ဆင်းရဲနွမ်းပါးဖြစ်လွယ်မှု ဆိုလိုသည်မှာ ဆင်းရဲသွားနိုင်သော ဖြစ်နိုင်ခြေ သို့မဟုတ် ပိုမိုပြီးအလွန်တရာ ဆင်းရဲသွားနိုင်သော ဖြစ်နိုင်ခြေမှာ အဓိက အချက်နှစ်ချက်ကြောင့် ဖြစ်နိုင်ပါသည်။ ၎င်းတို့မှာအဖြစ်အပျက်များနှင့် ဖိစီးမှုများအားထိတွေ့မှုနှင့် အကျဘက်ဖိအားများတုံ့ပြန်မှု တို့ဖြစ်ပါသည်။ ယခုဤအပိုင်းတွင်အချက်နှစ်ချက်၏ပထမအချက်ဖြစ်သော ရုတ်ခြည်းအဖြစ်အပျက် များနှင့် ဖိစီးမှုများအားထိတွေ့မှုကို လေ့လာသုံးသပ်ပါမည်။ အပိုင်း၂-၃တွင် စာရင်းပြုဖော်ပြခဲ့သည့် ရုတ်ခြည်း အဖြစ်အပျက်များနှင့် ဖိစီးမှုများခြောက်မျိုးအနက် လက်ရှိအလေးထားဖော်ပြမှုမှာ သဘာဝဘေးအန္တရာယ် အကြောင်းဖြစ်ပါသည်။ အလုပ်အကိုင်ဆုံးရှုံးမှုနှင့် နာမကျန်းဖြစ်မှုနှင့်ဆက်နွယ်သည့် ရုတ်ခြည်း အဖြစ်အပျက်များကို အပိုင်း ၅-၅ နှင့် ၅-၇ တွင် အသီးသီး လေ့လာသုံးသပ်ထားပါသည်။

ဇယား ၂ က သဘာဝဘေးအန္တရာယ် သုံးမျိုးကို ဖော်ပြထားပြီး ၎င်းတို့မှာ မုန်တိုင်းများ၊ မိုးခေါင်မှု နှင့် ရေလွှမ်းမိုးမှုများဖြစ်ပါသည်။ ၎င်းပြင်ရေသေများ ဝန်းရံဖုံးလွှမ်းလျက်ရှိသော အိမ်ထောင်စုများ၏ သတင်းအချက်အလက် များကိုလည်း ဖော်ပြထားပြီး ဤရေသေများမှာ ငှက်ဖျားရောဂါ နှင့် ရေကြောင့် ဖြစ်ပွားသည့် ရောဂါများကို ကူးစက်စေသည့် ဗက်တာပိုးမွှားများရှိသည်ဟုယူဆပါသည်။

ဇယား ၂ ။ ရုတ်ခြည်းအဖြစ်အပျက်များနှင့် ဖိစီးမှုများ

| | ဆင်းရဲနွမ်းပါးမှု အကူးအပြောင်းများ | | | | ၂၀၁၀ ပြည့်နှစ် ဆင်းရဲနွမ်းပါးမှု |
|---|---|---|---|---|---|
| | ဆင်းရဲသွားသူများ | ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူများ | တာရှည်ဆင်းရဲသူများ | မဆင်းရဲသူများ | |
| လွန်ခဲ့သော ၅ နှစ်တွင် မုန်တိုင်းဒဏ်ခံရသည့် စုစုပေါင်းအိမ်ထောင်စု (စိုက်ပျိုးရေးလုပ်ကိုင်သောအိမ်ထောင်စုများ ) | ၁၀.၁ (၃.၀၅) | ၇.၄ (၁.၆၅) | ၆.၃ (၂.၈၅) | ၉.၈ (၂.၀၂) | ၈.၉ (၂.၇၆) |
| လွန်ခဲ့သော ၅ နှစ်တွင် မိုးခေါင်မှုဒဏ်ခံရသည့် စုစုပေါင်းအိမ်ထောင်စု (စိုက်ပျိုးရေးလုပ်ကိုင်သောအိမ်ထောင်စုများ) | ၂၇.၁ (၅.၁၉) | ၃၂.၀ (၅.၄၆) | ၃၇.၂ (၆.၀၇) | ၂၆.၉ (၃.၉၄) | ၂၈.၆ (၄.၆၄) |
| လွန်ခဲ့သော ၅ နှစ်တွင် ရေလွှမ်းမိုးမှုများဒဏ်ခံရသည့် စုစုပေါင်းအိမ်ထောင်စု (စိုက်ပျိုးရေးလုပ်ကိုင်သောအိမ်ထောင်စုများ) | ၁၅.၄ (၃.၄၃) | ၁၂.၉ (၂.၃၂) | ၁၁.၀ (၂.၉၁) | ၁၅.၁ (၂.၂၃) | ၁၃.၆ (၂.၇၆) |
| ရေသေဝန်းရံဒဏ်ခံရသည့် အိမ်ထောင်စုများ (မည်သည့် ကာလမဆို) | ၁၅.၂ (၂.၂၃) | ၉.၆ (၁.၂၄) | ၁၂.၄ (၂.၀၇) | ၁၃.၁ (၁.၆၅) | ၁၄.၉ (၁.၈၄) |

ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဆက်စပ်သော တွေ့ရှိချက်အချို့ရှိပါသည်။

- မုန်တိုင်းများ၊ ရေလွှမ်းမိုးမှုများ၊ ရေသေဝန်းရံဖုံးလွှမ်းမှုများမှာ တာရှည်ဆင်းရဲနွမ်းပါးမှုထက် ဆင်းရဲသွားမှု များ နှင့် ပိုမိုနီးစပ်စွာ ဆက်နွယ်မှုရှိပြီး တာရှည်ဆင်းရဲနွမ်းပါးမှုမှာ မိုးခေါင်မှုများနှင့် ပိုမိုနီးစပ်စွာ ဆက်နွယ်မှုရှိပါသည်။
- ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်သွားသည့် အိမ်ထောင်စုများမှာ မုန်တိုင်းများ၊ ရေလွှမ်းမိုးမှုများ၊ ရေသေဖုံးလွှမ်းမှုများ၏ ထိခိုက်မှုများဒဏ်ကို ဆင်းရဲသွားသည့် အိမ်ထောင်စုများထက် လျော့နည်းခံရ ပါသည်။ သို့သော် မိုးခေါင်မှုဒဏ်ကို ပိုမိုခံရပါသည်။ ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူများ နှင့်

တာရှည်ဆင်းရဲသူများကို နှိုင်းယှဉ်လျှင် ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူများမှာ မိုးခေါင်မှုဒဏ်ကို လျော့နည်းခံရပြီး ရေသေဝန်းရံနေမှုဒဏ်ကိုလည်း လျော့နည်းခံရပါသည်။ သို့သော် ရေလွှမ်းမိုးမှုများနှင့် မုန်တိုင်းများဒဏ်ကို ပိုမိုထိခိုက်ခံရနိုင်ပါသည်။

- ၂၀၁၀ ပြည့်နှစ် ဆင်းရဲသူများအတွက် ဤညွှန်ကိန်းများ၏ တန်ဖိုးမှာ ဆင်းရဲသွားသူများနှင့် တာရှည်ဆင်းရဲသူများအတွက် ညွှန်ကိန်းတန်ဖိုးများအကြားတွင် ကျရောက်နိုင်သည်ကို မျှော်မှန်း နိုင်ပါသည်။ သို့သော်လည်း ဦးရေနမူနာခြားနားသည့် အချက်ရှိပါသည်။ (အပိုင်း ၂-၄ တွင်ကြည့်ပါ)
- မြင့်မားသည့် စံမှားယွင်းချက်များက ဤနှိုင်းယှဉ်ချက်များအားလုံးကို အဓိပ္ပာယ်ဖော်ဆောင်ရာ၌ ချင့်ချိန်သတိပြုရန် နှိုးဆော်ပါသည်။

အချုပ်အားဖြင့် ဤကိန်းဂဏန်းအချက်အလက်များက ညွှန်ပြသည်မှာ မုန်တိုင်းများ၊ ရေလွှမ်းမိုးမှုများနှင့် ရေသေဖုံးလွှမ်းမှုများမှာ တာရှည်ဆင်းရဲသူများ (သို့မဟုတ် ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူများ) ထက် ဆင်းရဲသွားသူများနှင့် ပိုမိုနီးစပ်စွာ ဆက်နွယ်မှုရှိပါသည်။ အခြားတစ်ဖက်တွင် မိုးခေါင်မှုမှာ ဆင်းရဲတွင်း သက်ဆင်းသွားသူများအတွက် အဓိက တုန်လှုပ်ဖွယ်ရာ ရုတ်ခြည်းအဖြစ်အပျက် တစ်ရပ်ဖြစ်ဟန်မရှိပါ။

# ၅ ။ လူဦးရေဆိုင်ရာ ပင်ကိုလက္ခဏာများ

## ၅-၁ ။ အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာ ပင်ကိုလက္ခဏာများ

ဇယား ၃ က ဆင်းရဲနွမ်းပါးမှု အကူးအပြောင်းဖြန့်စီကိန်း၏ အမျိုးအစား အားလုံးအတွက် အိမ်ထောင်စုများ၏ လူဦးရေ ဆိုင်ရာပင်ကိုလက္ခဏာ လေးရပ်၏ ကိန်းဂဏန်းအချက်အလက်များကို ဖော်ပြပါသည်။ ၄င်းတို့မှာ ပျှမ်းမျှအိမ်ထောင်စု အရွယ်၊ လူဦးရေဆိုင်ရာ မှီခိုမှုအချိုး(DDR)၊ စီးပွားရေးအရ မှီခိုမှုအချိုး (EDR) နှင့် အမျိုးသမီးဦးစီးသောအိမ်ထောင်စုများ(FHH) ၏ ရာခိုင်နှုန်းတို့ဖြစ်ပါသည်။ လူဦးရေဆိုင်ရာ မှီခိုမှုအချိုးသည် အသက် ၁၅ နှစ်အောက် နှင့် ၅၉ နှစ်အထက်ရှိသော အိမ်ထောင်စုဝင်ဦးရေကို အသက် ၁၅ နှစ် နှင့် ၅၉ နှစ်အကြားတွင်ရှိသော အိမ်ထောင်စုဝင် ဦးရေ နှင့် နှိုင်းယှဉ်ပြပါသည်။ အချိုးတန်ဖိုးမြင့်မားလာသည်နှင့် အမျှ အိမ်ထောင်စု အပေါ်တွင် မှီခိုမှု ဝန်ထုပ်ဝန်ပိုးကြီးမားလာပါသည်။ စီးပွားရေးအရ မှီခိုမှု အချိုးသည် အသက် ၁၅ နှစ် နှင့် ၅၉ နှစ် အကြားရှိသော အိမ်ထောင်စုဝင် စီးပွားရှာနိုင်သူဦးရေ (စီးပွားရေးအရ အလုပ်လုပ်ကိုင်သူ) နှင့် စီးပွားမရှာနိုင်သူဦးရေ (စီးပွားရေးအရ အလုပ်မလုပ်ကိုင်သူ) ကို နှိုင်းယှဉ်ပါသည်။ ပံ့ပိုးကူညီလုပ်ကိုင်သည့် မိသားစုဝင်လုပ်သား အပါအဝင် စီးပွားရေး လုပ်ဆောင်ချက်တစ်ခုတွင် ဝင်ရောက်လုပ်ကိုင်သူကို “စီးပွားရှာနိုင်သူ (စီးပွားရေးအရ အလုပ်လုပ်ကိုင်သူ)” ဟု အဓိပ္ပာယ် ဖွင့်ဆို ပါသည်။ အထက်က ကဲ့သို့ပင် အချိုးတန်ဖိုးမြင့်မားလာသည်နှင့် အမျှ အိမ်ထောင်စု အပေါ်တွင် ‘စီးပွားရေး ဝန်ထုပ်ဝန်ပိုး’ ကြီးမားလာပါသည်။

ဇယား ၃ ။ အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာ ပင်ကိုလက္ခဏာများ

| | ဆင်းရဲနွမ်းပါးမှု အကူးအပြောင်းများ | | | | ၂၀၁၀ ပြည့်နှစ် ဆင်းရဲနွမ်းပါးမှု |
|---|---|---|---|---|---|
| | ဆင်းရဲသွားသူများ | ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူများ | တာရှည် ဆင်းရဲသူများ | မဆင်းရဲသူများ | |
| ပျှမ်းမျှအိမ်ထောင်စုအရွယ် | ၆.၂ (၀.၁၀) | ၅.၂ (၀.၀၈) | ၆.၂ (၀.၁၀) | ၄.၇ (၀.၀၅) | ၆.၀ (၀.၀၆) |
| လူဦးရေဆိုင်ရာမှီခိုမှုအချိုး (DDR) | ၀.၅၄ (၀.၀၂) | ၀.၅၄ (၀.၀၂) | ၀.၅၄ (၀.၀၂) | ၀.၅၁ (၀.၀၁) | ၀.၅၆ (၀.၀၁) |
| စီးပွားရေးအရမှီခိုမှုအချိုး (EDR) | ၀.၆၉ (၀.၀၃) | ၀.၆၂ (၀.၀၂) | ၀.၅၇ (၀.၀၃) | ၀.၇၁ (၀.၀၂) | ၀.၆၂ (၀.၀၂) |
| အမျိုးသမီးဦးစီးသော အိမ်ထောင်စု(%) | ၁၇.၆ (၁.၅၀) | ၂၃.၈ (၁.၂၆) | ၁၈.၉ (၁.၄၂) | ၂၁.၇ (၁.၀၀) | ၁၈.၅ (၀.၇၉) |

ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဆက်စပ်သော တွေ့ရှိချက် အရေအတွက် အချို့ရှိပါသည်။

- တာရှည်ဆင်းရဲနွမ်းပါးမှုထက် ဆင်းရဲသွားမှုနှင့် ပိုမိုနီးစပ်စွာ ဆက်စပ်မှုရှိသော တစ်ခုတည်းသော ကိန်းရှင်မှာ စီးပွားရေးအရ မှီခိုမှုအချိုးဖြစ်ပါသည်။ ဤတွေ့ရှိချက်က ညွှန်ပြသည်မှာ အလုပ်မရှိခြင်း၊ အလုပ်အကိုင်ဆုံးရှုံးခြင်း နှင့် အလုပ်မလုပ်ကိုင်နိုင်ခြင်းမှာ ဆင်းရဲသွားခြင်း နှင့် ဆက်နွယ်မှုရှိပါသည်။ မှတ်သားသင့်သည်မှာ ၂၀၁၀ ပြည့်နှစ် ဆင်းရဲနွမ်းပါးမှု နှင့် ပြောင်းပြန် ဆက်နွယ်မှုရှိလင့်ကစား (EDR) ၏အရေးကြီးမှုမှာ ဆင်းရဲနွမ်းပါးမှု အကူးအပြောင်း(ခဏပန်းဆင်းရဲနွမ်းပါးမှု) အတွက် တည်ရှိနေဆဲ ဖြစ်ပါသည်။ (‘*ဆင်းရဲနွမ်းပါးမှု အစီရင်ခံစာ*’ ၏ အပိုင်း ၃-၂-၂ ကိုကြည့်ပါ) ။
- ဆင်းရဲခြင်းမှ လွတ်မြောက်သွားသော အိမ်ထောင်စုများမှာ ဆင်းရဲသွားသော အိမ်ထောင်စုများ နှင့် တာရှည်ဆင်းရဲနေသော အိမ်ထောင်စုများထက် ပိုမိုငယ်သော အိမ်ထောင်စုအရွယ်ရှိ၍

အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများ အဖြစ် ပိုမိုယူဆရပါသည်။ ငယ်သော အိမ်ထောင်စုအရွယ် နှင့် ဆင်းရဲခြင်းမှလွတ်မြောက်သွားသူများ၏ ဆက်နွယ်မှုမှာ '*ဆင်းရဲနွမ်းပါးမှု အစီရင်ခံစာ*' ၏ကိန်းဂဏန်း အချက်အလက်များအရ သိသာထင်ရှားသည့် ဆက်စပ်ညီညွတ်မှု ဖြစ်ပါသည်။ '*ဆင်းရဲနွမ်းပါးမှု အစီရင်ခံစာ*' က ကြီးသော အိမ်ထောင်စု အရွယ်မှာ ဆင်းရဲနွမ်းပါးမှု၏ ဆက်စပ်မှုတစ်ခုဖြစ်ကြောင်း တွေ့ရှိခဲ့ပါသည်။ ('ဆင်းရဲနွမ်းပါးမှု အစီရင်ခံစာ' ၏ အပိုင်း ၃-၁ ကိုကြည့်ပါ)။

- ၂၀၁၀ ပြည့်နှစ် ဆင်းရဲသူများအတွက် EDR ညွှန်ကိန်း၏ တန်ဖိုး (၀.၆၂) မှာ ဆင်းရဲသွားသူများ (၀.၆၉) နှင့် တာရှည်ဆင်းရဲသူများ (၀.၅၇) တို့၏ EDR ညွှန်ကိန်းတန်ဖိုးများ အကြားတွင်ရှိပါသည်။ ယင်းအချက်က ဤလူဦးရေ အုပ်စုများအကြား သိသာသည့် ခြားနားချက်ကို ဖုံးကွယ်ထားပါသည်။
- ဆင်းရဲနွမ်းပါးမှု အကူးအပြောင်း ဖြန့်စီကိန်းတွင် ဆင်းရဲသူ အမျိုးအစား အားလုံး၌ လူဦးရေဆိုင်ရာ မှီခိုမှု အချိုးမှာ တူညီပါသည်။

အချုပ်အားဖြင့် အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာ ပင်ကိုလက္ခဏာများ၏ ကိန်းဂဏန်း အချက်အလက်များ (အဓိကအားဖြင့် စီးပွားရေးအရ မှီခိုမှုအချိုး) ကညွှန်ပြသည်မှာ အလုပ်အကိုင်ဆုံးရှုံးမှု သို့မဟုတ် အလုပ်မလုပ်ကိုင်နိုင်မှုသည် တာရှည်ဆင်းရဲမှုထက် ဆင်းရဲတွင်းသက်ဆင်းသွားမှု နှင့် ပိုမို နီးစပ်စွာ ဆက်စပ်မှုရှိပြီး (သေးငယ်သော) အိမ်ထောင်စုအရွယ်မှာ ဆင်းရဲခြင်းမှ လွတ်မြောက်သွားမှုများ နှင့် နီးစပ်စွာ ဆက်စပ်မှုရှိပါသည်။

## ၅-၂။ လုပ်ငန်းအမျိုးအစား

ဇယား ၄ က ဆင်းရဲနွမ်းပါးမှု အကူးအပြောင်း ဖြန့်စီကိန်း၏ အုပ်စု အမျိုးအစား အသီးသီး၌ အိမ်ထောင်စုဝင်များ၏ အဓိကစီးပွားရေး လုပ်ဆောင်ချက်၏ လုပ်ငန်းအမျိုးအစားနှင့် ပတ်သက်သည့် ကိန်းဂဏန်း အချက်အလက်များကို ဖော်ပြပါသည်။

ဇယား ၄ ။ စီးပွားရေးအရ အလုပ်လုပ်ကိုင်သူတို့၏ လုပ်ငန်းအမျိုးအစား

| | ဆင်းရဲနွမ်းပါးမှု အကူးအပြောင်းများ | | | | ၂၀၁၀ ပြည့်နှစ်ဆင်းရဲနွမ်းပါးမှု |
|---|---|---|---|---|---|
| | ဆင်းရဲသွားသူများ | ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူများ | တာရှည် ဆင်းရဲသူများ | မဆင်းရဲသူများ | |
| စိုက်ပျိုးမွေးမြူရေး၊ အမဲလိုက် နှင့် သစ်တော လုပ်ငန်း | ၅၆.၃ (၂.၈၂) | ၆၅.၇ (၁.၈၉) | ၆၇.၀ (၂.၈၂) | ၅၃.၄ (၂.၂၀) | ၆၀.၉ (၂.၀၂) |
| ငါးဖမ်းခြင်း | ၄.၈ (၁.၁၉) | ၂.၆ (၀.၆၃) | ၅.၁ (၁.၄၈) | ၂.၃ (၀.၄၂) | ၅.၀ (၀.၇၄) |
| ကုန်ချောပစ္စည်းထုတ်လုပ်မှုလုပ်ငန်း | ၄.၂ (၁.၂၇) | ၂.၁ (၀.၄၂) | ၂.၅ (၀.၅၄) | ၄.၀ (၀.၃၈) | ၃.၇ (၀.၅၇) |
| ဆောက်လုပ်ရေးလုပ်ငန်း | ၅.၀ (၁.၂၇) | ၃.၄ (၀.၇၂) | ၃.၅ (၀.၆၆) | ၃.၇ (၀.၅၈) | ၃.၇ (၀.၅၁) |
| လက်လီလက္ကားရောင်းဝယ်ခြင်း နှင့် ပြင်ဆင်ရေးလုပ်ငန်း | ၈.၄ (၁.၂၇) | ၁၀.၆ (၁.၄၉) | ၅.၉ (၁.၀၇) | ၁၇.၄ (၁.၃၅) | ၈.၀ (၀.၈၀) |
| သယ်ယူပို့ဆောင်ခြင်း၊သိုလှောင်ခြင်းနှင့်လမ်းပန်း ဆက်သွယ်ရေးလုပ်ငန်း | ၃.၀ (၀.၈၂) | ၄.၁ (၀.၇၉) | ၃.၃ (၁.၄၆) | ၅.၆ (၀.၆၈) | ၃.၀ (၀.၆၁) |
| ပညာရေး | ၀.၄ (၀.၂၂) | ၁.၁ (၀.၃၈) | ၀.၆ (၀.၃၄) | ၂.၁ (၀.၃၃) | ၀.၄ (၀.၁၂) |
| ကျန်းမာရေး နှင့် လူမှုရေးဆိုင်ရာလုပ်ငန်း | ၀.၈ (၀.၃၈) | ၁.၀ (၀.၂၇) | ၀.၂ (၀.၁၇) | ၀.၇ (၀.၁၇) | ၀.၄ (၀.၁၃) |
| အခြား | ၁၇.၁ (၂.၂၀) | ၉.၄ (၁.၂၃) | ၁၂.၀ (၂.၃၆) | ၁၀.၈ (၀.၇၄) | ၁၄.၉ (၂.၂၄) |
| စုစုပေါင်း | ၁၀၀.၀ (၀.၀၀) | ၁၀၀.၀ (၀.၀၀) | ၁၀၀.၀ (၀.၀၀) | ၁၀၀.၀ (၀.၀၀) | ၁၀၀.၀ (၀.၀၀) |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဆက်စပ်နေသော တွေ့ရှိချက် အရေအတွက် အချို့ရှိပါသည်။

- မြန်မာနိုင်ငံ၏ စီးပွားရေး၌ ပင်မအချက်အချာကျသည့် အနေအထားတွင် စိုက်ပျိုးမွေးမြူရေးသည် ဆင်းရဲနွမ်းပါးမှု အကူးအပြောင်းဖြန့်စီကိန်းရှိ အုပ်စုအားလုံး၏ အဓိကစီးပွားရေး လုပ်ဆောင်ချက် ဖြစ်နေသည်မှာ အံ့သြစရာမဟုတ်ပါ။
- ဆင်းရဲနွမ်းပါးသွားမှုသည် တာရှည်ဆင်းရဲနွမ်းပါးမှုထက် စိုက်ပျိုးမွေးမြူရေး နှင့် ဆက်နွယ်မှုမှာ များစွာ လျော့နည်းသည်ဟု ယူဆရပြီး ကုန်ချောပစ္စည်းထုတ်လုပ်မှု လုပ်ငန်း၊ ဆောက်လုပ်ရေး၊ လက်လီလက္ကားရောင်းဝယ်ရေး / ပြင်ဆင်ရေးလုပ်ငန်းများနှင့် ပိုမိုဆက်နွယ်သည်ဟု ယူဆရပါသည်။
- စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူများ၏ အဓိကစီးပွားရေး လုပ်ဆောင်ချက်မှာ တာရှည်ဆင်းရဲနွမ်းပါးသူတို့၏ စီးပွားရေးလုပ်ဆောင်ချက်နှင့် ဆင်တူပါသည်။ သို့သော် ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူများမှာ ငါးဖမ်းခြင်းလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်မှုနည်းပါးဟန်ရှိပြီး လက်လီလက္ကား ရောင်းဝယ်ရေး/ ပြင်ဆင်ရေး လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်မှု ပိုမိုဟန်ရှိပါသည်။
- ၂၀၁၀ ပြည့်နှစ်တွင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းရှိ ဆင်းရဲသူ ရာခိုင်နှုန်း (၆၁%) မှာ ဆင်းရဲသွားသူများ (၅၆%) နှင့် တာရှည်ဆင်းရဲသူများ (၆၇%) ၏ရာခိုင်နှုန်း တန်ဖိုးများကြားတွင်ရှိပြီး ဤရာခိုင်နှုန်းက လူဦးရေ အုပ်စုကြားတွင် ရှိသော သိသာသည့် ခြားနားမှုများကို ဖုံးကွယ်ထားပါသည်။

အချုပ်အားဖြင့် စိုက်ပျိုးမွေးမြူရေးမှာ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု အကူးအပြောင်း ဖြန့်စီကိန်းရှိ အားလုံးသောအုပ်စုများ၏ အဓိကစီးပွားရေး လုပ်ဆောင်ချက်များအဖြစ် မယှဉ်သာအောင် ဖြစ်နေစဉ် ဆင်းရဲသွားသူများမှာ တာရှည်ဆင်းရဲသူများထက် ကုန်ချောပစ္စည်းထုတ်လုပ်မှု လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း နှင့် လက်လီလက္ကားရောင်းဝယ်ရေး/ ပြင်ဆင်ရေးလုပ်ငန်းများနှင့် ဆက်နွယ်မှု ပိုမိုများပြားစွာရှိသည်ဟု ယူဆရပါသည်။ လက်လီလက္ကားရောင်းဝယ်ရေး/ ပြင်ဆင်ရေးလုပ်ငန်းများ မှာလည်း ဆင်းရဲနွမ်းပါးခြင်းမှ လွတ်မြောက်သွား သူများနှင့် ပိုမိုနီးစပ်စွာ ဆက်နွယ်မှုရှိပါသည်။ ယေဘုယျအားဖြင့် ဤကိန်းဂဏန်း အချက်အလက်များက လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ တာရှည်ဆင်းရဲနွမ်းပါးမှုအတွက် အဓိက မူဝါဒ ဆက်စပ်မှု ဖြစ်သော်လည်း အခြားကဏ္ဍများမှာ ဆင်းရဲသွားခြင်းကို ကြိုတင်ဟန့်တားရန် နှင့် ဆင်းရဲခြင်းမှ လွတ်မြောက်နိုင်မှုကို တိုးတက်လာစေရန် ပိုမိုအရေးကြီးလာပြီ ဖြစ်ကြောင်း ညွှန်ပြပါသည်။

## ၅-၃ ။ အလုပ်အကိုင်အမျိုးအစား

ဇယား ၅ က ဆင်းရဲနွမ်းပါးမှု အကူးအပြောင်းဖြန့်စီကိန်း၏ အုပ်စု အမျိုးအစား အသီးသီး၌ မြန်မာနိုင်ငံရှိ စီးပွားရေးအရ အလုပ်လုပ်ကိုင်သူများအတွက် အဓိက အလုပ်အကိုင် အမျိုးအစားများဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များကို ဖော်ပြပါသည်။

ဇယား ၅ ။ စီးပွားရေးအရ အလုပ်လုပ်ကိုင်သူများ၏ အလုပ်အကိုင်အမျိုးအစားများ

| | ဆင်းရဲနွမ်းပါးမှု အကူးအပြောင်းများ | | | | ၂၀၁၀ ပြည့်နှစ် ဆင်းရဲနွမ်းပါးမှု |
|---|---|---|---|---|---|
| | ဆင်းရဲသွားသူများ | ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူများ | တာရှည်ဆင်းရဲသူများ | မဆင်းရဲသူများ | |
| အလုပ်ရှင် | ၅.၈ (၁.၂၁) | ၇.၉ (၁.၄၀) | ၅.၃ (၁.၀၅) | ၁၃.၂ (၁.၁၃) | ၅.၅ (၀.၆၇) |
| ကိုယ်ပိုင်အလုပ်လုပ်ကိုင်သူ | ၄၇.၄ (၂.၀၃) | ၅၅.၉ (၁.၉၆) | ၄၈.၁ (၂.၆၃) | ၅၈.၉ (၁.၆၃) | ၄၅.၁ (၁.၆၈) |
| လုပ်သား | ၁၀.၇ (၁.၉၂) | ၉.၇ (၁.၀၄) | ၁၀.၂ (၂.၀၀) | ၁၂.၃ (၀.၈၈) | ၁၁.၂ (၁.၂၅) |
| အထောက်အကူပြုမိသားစုလုပ်သား | ၂.၇ (၀.၈၆) | ၁.၈ (၀.၇၉) | ၂.၂ (၀.၇၈) | ၂.၂ (၀.၄၂) | ၂.၁ (၀.၄၃) |
| ကျပန်းလုပ်သား | ၂၇.၂ (၂.၁၀) | ၂၂.၁ (၁.၈၅) | ၃၁.၁ (၃.၀၁) | ၁၁.၇ (၀.၇၇) | ၃၁.၅ (၂.၂၀) |
| အခြား | ၆.၁ (၁.၀၄) | ၂.၆ (၀.၆၁) | ၃.၀ (၀.၉၀) | ၁.၇ (၀.၃၅) | ၄.၇ (၀.၅၆) |
| စုစုပေါင်း | ၁၀၀.၀ (၀.၀၀) | ၁၀၀.၀ (၀.၀၀) | ၁၀၀.၀ (၀.၀၀) | ၁၀၀.၀ (၀.၀၀) | ၁၀၀.၀ (၀.၀၀) |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဆက်စပ်သော တွေ့ရှိချက် အရေအတွက် အချို့ရှိပါသည်။

တာရှည်ဆင်းရဲနေသူများမှာ ကျပန်းလုပ်သားများ ပိုမိုဖြစ်ဖွယ်ရှိသော်လည်း အလုပ်အကိုင် အမျိုးအစားအရ ဖော်ပြရပါလျှင် ဆင်းရဲသွားသူများနှင့် တာရှည်ဆင်းရဲနေသူများ အခြေအနေမှာ လွန်စွာတူညီပါသည်။

ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူများမှာ ကျပန်းလုပ်သားများထက် လုပ်ငန်းရှင်များနှင့် ကိုယ်ပိုင် အလုပ်ကိုယ်တိုင် လုပ်ကိုင်သူများ ပိုမိုဖြစ်ဖွယ်ရှိပါသည်။

- ဤကိန်းဂဏန်းအချက်အလက်များက ညွှန်ပြသည်မှာ '*ဆင်းရဲနွမ်းပါးမှု အစီရင်ခံစာ*' (အပိုင်း ၄-၂ တွင်ကြည့်ပါ) တွင်တွေ့ရှိရသည့် ဆင်းရဲနွမ်းပါးမှု 'ကျပန်းသဘောဆန်ခြင်း' မှာ တစ်စိတ်တစ်ပိုင်း အားဖြင့် ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူများထက် ဆင်းရဲသွားသူ အရေအတွက် ပိုမိုများပြားခြင်း (၂၂.၁% နှင့် ၂၇.၂% အသီးသီးရှိ) ကြောင့်ဖြစ်ပြီး ၄င်းဆင်းရဲသွားသူများမှာလည်း ကျပန်းလုပ်သားများဖြစ်ကြပါသည် သို့မဟုတ် ကျပန်းလုပ်သားများ ဖြစ်လာကြပါသည်။

အချုပ်အားဖြင့် အလုပ်အကိုင်အမျိုးအစားနှင့် ပတ်သက်လျှင် ဆင်းရဲသွားသူများနှင့် တာရှည်ဆင်းရဲသူများ ကြားတွင် အဓိက ခြားနားမှုများမရှိပါ။ ကျပန်းလုပ်သား နှင့် ဆင်းရဲနွမ်းပါးမှု၏ တိုးမြင့်လာသည့် ဆက်နွယ်မှုမှာ တစ်စိတ်တစ်ပိုင်းအားဖြင့် ကျပန်းလုပ်သားများကြောင့် ဆင်းရဲနွမ်းပါးမှုတွင် အသစ်ဦးရေတိုးပွားလာခြင်းကြောင့် ဖြစ်ပြီး တာရှည်ဆင်းရဲသူများကြားတွင် ကျပန်းလုပ်သားဦးရေ တိုးပွားလာခြင်းအကြောင်း သက်သက်ကြောင့် မဟုတ်ပါ။

## ၅-၄ ။ အရင်အနှီးပိုင်ဆိုင်မှု နှင့် လက်လှမ်းမီရရှိမှု

ဇယား ၆ က ဆင်းရဲနွမ်းပါးမှု အကူးအပြောင်း ဖြန့်စီကိန်း၏ အုပ်စု အမျိုးအစား အသီးသီး၌ အိမ်ထောင်စုများ၏ အရင်းအနှီး ပိုင်ဆိုင်မှုနှင့် လက်လှမ်းမီရရှိမှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို ဖော်ပြပါသည်။ မြေယာမဲ့သူများကို မည်သည့် လယ်ယာစိုက်ပျိုးမြေကိုမျှ ပိုင်ဆိုင်ခြင်းမရှိသော

လယ်ယာစိုက်ပျိုးခြင်းကို အဓိက စီးပွားရေး လုပ်ဆောင်ချက်အဖြစ် လုပ်ကိုင်သည့် အိမ်ထောင်စုများတွင် ပါဝင်သူများအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ မြေယာမဲ့သူများတွင် ကျပန်းလုပ်သားများ၊ လုပ်ခစား လုပ်သားများ၊ ကန်ထရိုက် လယ်သမား အစရှိသည်တို့ပါဝင်ပါသည်။ ချေးငွေလက်လှမ်းမီရရှိမှုကို ၂၀၀၉ ခုနှစ် မေလနှင့် အောက်တိုဘာလ အတွင်း လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများအတွက် ချေးငွေရရှိသည့် တောင်သူလယ်သမား အိမ်ထောင်စုများ၏ ရာခိုင်နှုန်းအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ ကြွေးမြီရှိမှုကို ကြွေးမြီပေးဆပ်ရန် တာဝန်ရှိသည့် အိမ်ထောင်စုများ၏ အချိုးဟု အဓိပ္ပါယ်ဖွင့်ဆိုပါသည်။ အိမ်ထောင်စုများ၏ ပေးဆပ်ရန်ကြွေးမြီများကို ၂၀၀၉ ခုနှစ် မြန်မာမီးထွန်းပွဲတော်အတွင်း ကြွေးမြီဝန်ထုပ်ဝန်ပိုးရှိမှုနှင့် ပတ်သက်၍ မေးခွန်းလွှာအပေါ် တုံ့ပြန်ဖြေကြားမှုများကို အခြေခံထားပါသည်။

ဇယား ၆ ။ အရင်းအနှီးပိုင်ဆိုင်မှု နှင့် လက်လှမ်းမီရရှိမှု

| | ဆင်းရဲနွမ်းပါးမှုအကူးအပြောင်းများ | | | | ၂၀၁၀ ပြည့်နှစ် ဆင်းရဲနွမ်းပါးမှု |
|---|---|---|---|---|---|
| | ဆင်းရဲသွားသူများ | ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူများ | တာရှည်ဆင်းရဲသူများ | မဆင်းရဲသူများ | |
| ပျှမ်းမျှမြေဧရိယာပိုင်ဆိုင်မှု (ဧကများ) | ၄.၉ (၀.၃၃) | ၆.၂ (၀.၂၈) | ၃.၉ (၀.၂၀) | ၇.၈ (၀.၃၅) | ၄.၄ (၀.၂၀) |
| လယ်ယာစိုက်ပျိုးရေးတွင်မြေယာမဲ့နှုန်း (%) | ၂၉.၃ (၃.၀၆) | ၂၃.၈ (၂.၀၃) | ၁၀.၇ (၃.၅၆) | ၁၆.၁ (၁.၀၈) | ၃၃.၆ (၂.၇၄) |
| စိုက်ပျိုးစရိတ်အား လက်လှမ်းမီရရှိမှု | ၁၀.၅ (၃.၄၄) | ၁၀.၀ (၂.၆၅) | ၁၀.၇ (၃.၆၃) | ၃၅.၉ (၂.၂၅) | ၂၉.၇ (၂.၁၀) |
| ကြွေးမြီတင်ရှိမှု (အိမ်ထောင်စုများ၏ %) | ၃၅.၁ (၃.၀၁) | ၃၂.၄ (၂.၀၆) | ၃၄.၉ (၂.၅၁) | ၂၉.၆ (၁.၆၀) | ၃၃.၀ (၁.၈၉) |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဆက်စပ်သည့် တွေ့ရှိချက်အရေအတွက် အချို့ရှိပါသည်။

- ဆင်းရဲသွားသည့် အိမ်ထောင်စုများမှာ တာရှည်ဆင်းရဲနေသူများထက် လယ်ယာစိုက်ပျိုးမြေကို ပိုမိုပိုင်ဆိုင်ကြပြီး မြေမဲ့ယာမဲ့များ မဟုတ်ကြပါ။ ဤအုပ်စု နှစ်အုပ်စုလုံးမှာ ကြွေးမြီရှိမှုနှင့် ချေးငွေ လက်လှမ်းမီရရှိမှုတွင် တူညီကြပါသည်။
- ဆင်းရဲသွားသူများနှင့် တာရှည်ဆင်းရဲနေသူများထက် ဆင်းရဲခြင်းမှ လွတ်မြောက်သွားသည့် အိမ်ထောင်စုများမှာ လယ်ယာမြေပိုမိုပိုင်ဆိုင်ကြပြီး မြေယာမဲ့များ ဖြစ်ရန် ဖြစ်နိုင်ခြေ နည်းပါသည်။ ပျှမ်းမျှလယ်ယာစိုက်ပျိုးမြေ အရွယ်နှင့် ဆင်းရဲခြင်းမှ လွတ်မြောက်မှု တို့၏ ဆက်နွယ်မှုမှာ *ဆင်းရဲနွမ်းပါးမှု အစီရင်ခံစာ*၏ ကိန်းဂဏန်းအချက်အလက်များနှင့် ညီညွတ်မှုရှိပါသည်။ယင်း အစီရင်ခံစာက ငယ်သောလယ်ယာ စိုက်ပျိုးမြေအရွယ်မှာ ဆင်းရဲနွမ်းပါးမှု၏ ဆက်စပ်ချက် တစ်ရပ်ဖြစ်ကြောင်း တွေ့ရှိပါသည်။ (ဆင်းရဲနွမ်းပါးမှုအစီရင်ခံစာ၏ အပိုင်း ၄-၃ ကိုကြည့်ပါ)။
- ဤကိန်းဂဏန်းအချက်အလက်များက ညွှန်ပြသည်မှာ *ဆင်းရဲနွမ်းပါးမှု အစီရင်ခံစာ*တွင် ဖော်ပြသည့် (အပိုင်း ၄-၃ ကိုကြည့်ပါ) ဆင်းရဲသူများအနက် အဆင်းရဲဆုံးများကြားတွင် တွေ့ရှိရသည့် မြေယာမဲ့နှုန်း တိုးမြင့်လာခြင်းမှာ တစ်စိတ်တစ်ပိုင်းအားဖြင့် ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူများထက် ဆင်းရဲသွားသူ အရေအတွက်က ပိုမို (၂၃.၈% နှင့် ၂၉.၃%) ခြင်းကြောင့်ဖြစ်ပြီး ၎င်းတို့မှာ မြေမဲ့ယာမဲ့များ သို့မဟုတ် မြေမဲ့ယာမဲ့ ဖြစ်သွားကြသူများဖြစ်ပါသည်။
- ထူးခြားသည်မှာ ဆင်းရဲသည့် အုပ်စုအမျိုးအစား အသီးသီး၌ ချေးငွေလက်လှမ်းမီရရှိမှုမှာ တူညီပါသည်။ ဖြစ်နိုင်သည်မှာ ဆင်းရဲခြင်းမှ လွတ်မြောက်သွားသည့် အိမ်ထောင်စုများတွင် ချေးငွေကို

ပိုမို အကျိုးဖြစ်ထွန်းသည့် အသုံးပြုမှုများတွင် သုံးစွဲ၍ ဆင်းရဲသွားသူများ နှင့် တာရှည်ဆင်းရဲသူများ၏ အိမ်ထောင်စုများတွင် အန္တရာယ်လျော့ပါး သက်သာစေရန် သို့မဟုတ် ဖြေရှင်းရန် နည်းလမ်းများ အဖြစ် အသုံးပြုပါသည်။

- ကြွေးမြီရှိမှုမှာ ဆင်းရဲသွားမှု နှင့် ဆက်နွယ်မှုမရှိဟု ယူဆရပြီး ဤအချက်မှာ ဆင်းရဲနွမ်းပါးမှု အစီရင်ခံစာ (အပိုင်း ၄-၄) တွင် တွေ့ရှိရသည့် ကောင်းမွန်လာသော ကြွေးမြီ အခြေအနေ နှင့် ဆက်စပ်ညီညွတ်မှုရှိပါသည်။

အချုပ်အားဖြင့် အရင်းအနှီးပိုင်ဆိုင်မှု ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များက ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်ခြင်း၏ ဆက်စပ်မှုအဖြစ် လယ်ယာစိုက်ပျိုးမြေအရွယ်၏ အရေးကြီးမှုကို ညွှန်ပြပြီး တာရှည်ဆင်းရဲသူများအား ဆင်းရဲသွားသူများ မှ ခွဲခြားရန် အချက်တစ်ချက် အဖြစ်လည်း ညွှန်ပြပါသည်။ *ဆင်းရဲနွမ်းပါးမှု အစီရင်ခံစာ*တွင် ဖော်ပြသည့် အလွန်ဆင်းရဲသူကြားတွင် မြေယာမဲ့နှုန်းတိုးမြင့်လာခြင်းမှာ တစ်စိတ်တစ်ပိုင်းအားဖြင့် ဆင်းရဲခြင်းမှလွတ်မြောက်သွားသူများထက် ဆင်းရဲသွားသူအရေအတွက်က ပိုမိုခြင်းကြောင့် ၎င်းတို့မှာ မြေမဲ့ယာမဲ့များ သို့မဟုတ် မြေမဲ့ယာမဲ့ဖြစ်သွားကြသူများဖြစ်ပါသည်။

## ၅-၅ ။ လုပ်သားနှင့်အလုပ်လက်မဲ့ဖြစ်မှု

ဇယား ၇ ကဆင်းရဲနွမ်းပါးမှု အကူးအပြောင်း ဖြန့်စီကိန်း၏ အုပ်စု အမျိုးအစား အသီးသီး နှင့် ပတ်သက်သည့် လုပ်သားအင်အားပါဝင်မှုနှုန်း၊ အလုပ်လက်မဲ့ဖြစ်မှု နှင့် တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ဖြစ်မှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို ဖော်ပြပါသည်။ လုပ်သားအင်အားပါဝင်မှုကို လူဦးရေ၏ သတ်မှတ်ထားသော အုပ်စုအတွက် အလုပ်လုပ်နေသော သို့မဟုတ် အလုပ်လုပ်ရန် အသင့်ရှိနေသောသူအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ ပေါ်လွင်အလုပ်လက်မဲ့နှုန်းကို တွေ့ဆုံမေးမြန်းခြင်း မပြုမီ (၆)လအတွင်း အလုပ်မလုပ်သော အသက် ၁၅ နှစ် နှင့် အထက် လုပ်သားအင်အား၏ ရာခိုင်နှုန်းအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုပါသည်။တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်းကို တွေ့ဆုံမေးမြန်းခြင်းမပြုမီ (၇)ရက် အတွင်း (၄၄) နာရီအောက် လျော့နည်း အလုပ်လုပ်သော အသက် ၁၅ နှစ် နှင့် အထက် အလုပ်လုပ်သူဦးရေ၏ ရာခိုင်နှုန်းအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

ဇယား ၇ ။ လုပ်သားအင်အားပါဝင်မှုနှုန်း နှင့် အလုပ်အကိုင်ရှိမှု

| | ဆင်းရဲနွမ်းပါးမှု အကူးအပြောင်းများ | | | | ၂၀၁၀ ပြည့်နှစ် ဆင်းရဲနွမ်းပါးမှု |
|---|---|---|---|---|---|
| | ဆင်းရဲသွားသူများ | ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူများ | တာရှည်ဆင်းရဲသူများ | မဆင်းရဲသူများ | |
| လုပ်သားအင်အားပါဝင်မှုနှုန်း | ၆၇.၁ (၀.၉၁) | ၆၉.၄ (၀.၈၃) | ၇၁.၄ (၀.၈၂) | ၆၅.၁ (၀.၆၀) | ၆၉.၄ (၀.၅၈) |
| အလုပ်လက်မဲ့နှုန်း (၆ လ) | ၃.၇ (၀.၈၅) | ၀.၃ (၀.၀၁) | ၁.၁ (၀.၂၂) | ၀.၄ (၀.၀၁) | ၂.၄ (၀.၃၄) |
| အလုပ်လက်မဲ့နှုန်း (၇ ရက်) | ၄.၆ (၀.၉၁) | ၁.၇ (၀.၃၂) | ၃.၀ (၀.၄၀) | ၂.၁ (၀.၂၃) | ၃.၆ (၀.၃၄) |
| တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်း (၇ ရက်) | ၃၇.၈ (၁.၉၆) | ၄၀.၀ (၁.၄၆) | ၃၈.၇ (၁.၇၈) | ၃၆.၈ (၁.၄၈) | ၃၈.၀ (၁.၆၃) |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဆက်စပ်သည့် တွေ့ရှိချက်အရေအတွက် အချို့ရှိပါသည်။

- ဆင်းရဲသွားသည့် အိမ်ထောင်စုများမှာ တာရှည်ဆင်းရဲသူများထက် လုပ်သား အင်အားပါဝင်မှုနှုန်းများ နိမ့်ကျပြီး အလုပ်လက်မဲ့နှုန်းများ မြင့်မားကြပါသည်။ ဤတွေ့ရှိချက်များမှာ အထက် အပိုင်း ၅-၁ တွင် ဖော်ပြခဲ့သည့် ဆင်းရဲသွားသူများကြားတွင် တွေ့ရှိရသည့် မြင့်မားသည့် စီးပွားရေးအရ မှီခိုမှုအချိုးနှင့် ညီညွတ်ဆက်စပ်မှုရှိပါသည်။
- ဆင်းရဲခြင်းမှ လွတ်မြောက်သွားသည့် အိမ်ထောင်စုများမှာ ဆင်းရဲသွားသူများနှင့် တာရှည်ဆင်းရဲသူများ ထက် အလုပ်လက်မဲ့နှုန်းများ နိမ့်ကျသော်လည်း တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ နှုန်းများမြင့်မားကြ ပါသည်။
- သိသာထင်ရှားသည့် အချက်မှာ လုပ်သားအင်အားပါဝင်မှုနှုန်းများမှာ ယေဘုယျအားဖြင့် မြင့်မားကြ၍ တာရှည်ဆင်းရဲသူများကြားတွင်ပင် ၄င်းနှုန်းများမြင့်မားလျက်ရှိသော်လည်း ပေါ်လွင် အလုပ်လက်မဲ့နှုန်းမှာမူ နိမ့်ကျနေပါသည်။ သို့ဖြစ်ပါ၍ *ဆင်းရဲနွမ်းပါးမှု အစီရင်ခံစာ* (အပိုင်း ၅) ၏ယေဘုယျကောက်ချက် ဖြစ်သော အလုပ်အကိုင်မရှိခြင်းသည် အလုံးစုံသော ဆင်းရဲနွမ်းပါးမှု အတွက် အဓိက ပံ့ပိုးသော အချက်တစ်ရပ် မဟုတ်ဆိုသော အချက်မှာ တည်တန့်နေပါသည်။ မည်သို့ပင်ဖြစ်စေ ဆင်းရဲနွမ်းပါးမှု အကူးအပြောင်းဖြန့်စီကိန်းတွင် အခြားအုပ်စုများထက် ဆင်းရဲ နွမ်းပါးသူများအတွက် ယင်းအချက်မှာ ပိုမိုအရေးကြီးပါသည်။

အချုပ်အားဖြင့် လုပ်သားအင်အား နှင့် အလုပ်အကိုင်ရှိမှု၏ ကိန်းဂဏန်းအချက်အလက်များက အလုပ်အကိုင် မရှိမှု၊ အလုပ်အကိုင် ဆုံးရှုံးမှု သို့မဟုတ် အလုပ်မလုပ်ကိုင်နိုင်မှုတို့နှင့် သက်ဆိုင်သည့် စီးပွားရေး အရ မှီခိုမှုအချိုးမှာ ဆင်းရဲတွင်းသက်ဆင်းသွားသူများ နှင့် ဆက်နွယ်မှုရှိသည်ဆိုသည့် ကနဦးတွေ့ရှိချက်များကို ခိုင်မာစေပါသည်။ မည်သို့ပင်ဖြစ်စေ အလွန်မြင့်မားသော လုပ်သားအင်အားပါဝင်မှု နှုန်းများနှင့် နိမ့်ကျသော အလုပ်လက်မဲ့နှုန်းများက *ဆင်းရဲနွမ်းပါးမှု အစီရင်ခံစာ* (အပိုင်း ၅ ) တွင် အရေးကြီးသည့် ကောက်ချက်ဖြစ်သည့် အလုပ်အကိုင်မရှိမှုမှာ ဆင်းရဲနွမ်းပါးမှု အတွက် အဓိက ပံ့ပိုးမှု အချက်တစ်ရပ် မဟုတ်ကြောင်းကို အတည်ပြုဖော်ပြပါသည်။

## ၅-၆ ။ အိုးအိမ်၊ သောက်သုံးရေ နှင့် အညစ်အကြေး သန့်ရှင်းရေးစနစ်

ဇယား ၈ က ဆင်းရဲနွမ်းပါးမှုအကူးအပြောင်း ဖြန့်စီကိန်း၏ အုပ်စု အမျိုးအစား အသီးသီး၌ ရှိသည့် အိုးအိမ်၊ သောက်သုံးရေ၊ အညစ်အကြေး သန့်ရှင်းရေးစနစ် နှင့် လျှပ်စစ်ဓာတ်အားရရှိမှုဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များကို ဖော်ပြပါသည်။ အိမ်အမိုးတွင် (၁) သက်ငယ် / သစ်ရွက်များ / ထန်းနှင့်အရွက်များ / ဓနိ တို့ပါဝင်ပြီး အရည်အသွေးကောင်းမွန်သည့် အိမ်အမိုးတွင် (၁) သံဖြူပြားများ (၂) အုပ်ကြွပ်ပြားများ (၃) သွပ်ပြားချပ်များ (၄) သစ်သားအမိုးချပ်များနှင့် ကွန်ကရစ်အမိုးများ ပါဝင်ပါသည်။ဘေးကင်းသော သောက်ရေတွင် (၁) ပုဂ္ဂလိက ရေဘုံဘိုင်ခေါင်း၊ အများသုံးရေဘုံဘိုင်ခေါင်း (သို့မဟုတ်) မတ်ရပ်ပိုက် (၃) အဝီစိတွင်း / တွင်းနက် (၄) အကာအကွယ်ရှိသော လက်တူးရေတွင်း (၅) အကာအကွယ်ရှိသော စမ်း၊ ရေကန်ငယ် နှင့် မိုးရေတို့ပါဝင်ပါသည်။ လက်လှမ်းမီမှုမှာ ဘေးကင်းသော သောက်ရေ ဇာစ်မြစ်တစ်ခုသည် မေးခွန်းလွှာ ဖြေကြားသူများအဆိုအရ မိနစ် (၃၀) လမ်းလျှောက်ရသည့် အကွာအဝေး သို့မဟုတ် ၁ ကီလိုမီတာ အကွာအဝေး သို့မဟုတ် ၁ ကီလိုမီတာ နီးပါး အကွာအဝေးအတွင်းရှိရန် လိုအပ်ပါသည်[၅] ။

[၅] ဘေးကင်းသောသောက်ရေအား လက်လှမ်းမီရရှိမှုအား အဓိပ္ပါယ်ဖွင့်ဆိုရာတွင် ဆက်စပ်ညီညွတ်သော နှိုင်းယှဥ်ချက်များ ပြုလုပ်နိုင်ရန် ‘ဆင်းရဲနွမ်းပါးမှုအခြေအနေ’ အစီရင်ခံစာ (၂၀၀၅) နှင့် အလားတူအဓိပ္ပါယ်ဖွင့်ဆိုသည်။ ဤညွှန်ကိန်းမှာ MDG ညွှန်ကိန်းဖြစ်သော ကောင်းမွန်သည့် သောက်ရေ ဇာစ်မြစ်အား အသုံးပြုလျက်ရှိသည့် လူဦးရေ အချိုး နှင့် အောက်ပါဖော်ပြသည့် နည်းလမ်းများတွင် ခြားနားမှုရှိပါသည်။ (၁) MDG ညွှန်ကိန်းမှာ အသုံးပြုမှု အကြောင်းဖြစ်၍ လက်လှမ်းမီမှု မဟုတ်ပါ။ သို့ဖြစ်ပါ၍ ရေဇာစ်မြစ်သည် မိနစ်(၃၀) လမ်းလျှောက်ရသည့် အကွာအဝေးတွင် ရှိရန်မလိုပါ။ (၂) MDG ညွှန်ကိန်းက ရေကန်ငယ်များအပါအဝင် မျက်နှာပြင်ရှိ

ကောင်းမွန်သည့် အညစ်အကြေးသန့်ရှင်းရေး စနစ်တွင် (၁) မိလ္လာစနစ် သို့မဟုတ် မိလ္လာကန် နှင့် ဆက်ထားသော ရေဆွဲအိမ်သာ (၂) ရေစလုတ်ပါသော ရေလောင်း နှင့် ရေဆွဲအိမ်သာ (၃) ခြေတင်ခုံအဖုံးပါတွင်းဖုံးအိမ်သာ (၄) ခြေတင်ခုံအဖုံးမပါတွင်းလွဲ နှင့် တွင်းဖုံးအိမ်သာ တို့ပါဝင်ပါသည်။ လျှပ်စစ်ဓာတ်အားရရှိမှုမှာ ၎င်းတို့နေထိုင်ရာ အဆောက်အအုံအတွက် အဓိက လျှပ်စစ်မီးလင်းစေသည့် ဇာစ်မြစ်နှင့် ပတ်သက်သည့် မေးခွန်းလွှာပါ မေးခွန်းများအား တုံ့ပြန်ဖြေကြားမှုများအပေါ် အခြေခံထားပါသည်။ လက်လှမ်းမီရရှိမှုတွင် နိုင်ငံပိုင်၊ အဖွဲ့အစည်းပိုင် နှင့် ပုဂ္ဂလိကပိုင်ဇာစ်မြစ်များ ပါဝင်ပါသည်။

ဇယား ၈ ။ အိုးအိမ်၊ သောက်သုံးရေ နှင့် အညစ်အကြေး သန့်ရှင်းရေးစနစ်

| | ဆင်းရဲနွမ်းပါးမှု အကူးအပြောင်းများ | | | | ၂၀၁၀ ပြည့်နှစ် ဆင်းရဲနွမ်းပါးမှု |
|---|---|---|---|---|---|
| | ဆင်းရဲသွားသူများ | ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူများ | တာရှည်ဆင်းရဲသူများ | မဆင်းရဲသူများ | |
| အရည်အသွေးကောင်းမွန်သည့် အိမ်အမိုးရရှိမှု | ၃၆.၈ (၃.၀၃) | ၄၅.၈ (၂.၄၀) | ၃၁.၉ (၂.၉၂) | ၆၄.၅ (၁.၈၄) | ၃၂.၀ (၂.၁၉) |
| ဘေးကင်းသော သောက်ရေအား လက်လှမ်းမီရရှိမှု | ၆၅.၉ (၄.၁၂) | ၇၁.၄ (၂.၇၅) | ၆၁.၂ (၃.၆၅) | ၇၂.၁ (၁.၈၀) | ၆၂.၂ (၃.၄၄) |
| ကောင်းမွန်သောအညစ်အကြေးသန့်ရှင်းရေး စနစ်အား လက်လှမ်းမီရရှိမှု | ၇၃.၀ (၂.၉၈) | ၇၈.၇ (၁.၈၂) | ၇၀.၄ (၂.၉၇) | ၈၃.၄ (၁.၁၂) | ၇၁.၅ (၂.၂၁) |
| လျှပ်စစ်ဓာတ်အားရရှိမှု | ၃၄.၈ (၃.၈၉) | ၃၉.၉ (၂.၈၃) | ၂၅.၇ (၂.၉၈) | ၅၉.၅ (၂.၄၄) | ၂၇.၉ (၂.၄၆) |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဆက်စပ်သော အချက်နှစ်ရပ်ရှိပါသည်။

- ဤညွှန်ကိန်းများနှင့် ပတ်သက်၍ လူဦးရေ အုပ်စုများတွင် ဆက်စပ်ညီညွတ်မှု ရှိသော အဆင့်တစ်ခု ရှိပါသည်။ တာရှည်ဆင်းရဲသူများမှာ အဆိုးရွားဆုံးအဆင့်ရှိ၍ ၎င်းနောက် ဆင်းရဲသွားသူများ၊ ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူများ နှင့် မဆင်းရဲသူများတွင် အဆင့် နှင့် ညီညွတ်စွာ ညွှန်ကိန်းများရှိကြပါသည်။
- ညွှန်ကိန်းများ နှင့် ပတ်သက်၍ တာရှည်ဆင်းရဲသူများ၏ နှိုင်းယှဉ်ရပ်တည်ချက်မှာ သိသာထူးခြားသဖြင့် တာရှည်ဆင်းရဲသူများမှာ ဆင်းရဲသူများအနက် အဆင်းရဲဆုံးဖြစ်နေသလား ဆိုသည်ကို စာပေများတွင် ကျယ်ကျယ်ပြန့်ပြန့် ရေးသားဆွေးနွေးကြပါသည်။ မြန်မာနိုင်ငံတွင်လည်း တာရှည်ဆင်းရဲသူများမှာ အိုးအိမ်၊ သောက်သုံးရေ နှင့် အညစ်အကြေး သန့်ရှင်းရေး စနစ်၏ ပိုမိုညံ့ဖျင်းသော အခြေအနေများကို ကြုံတွေ့ခံစားရပါသည်။

အချုပ်အားဖြင့် အိုးအိမ်၊ သောက်သုံးရေ၊ အညစ်အကြေး သန့်ရှင်းရေးစနစ် နှင့် လျှပ်စစ်ဓာတ်အား ရရှိမှုဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များက တာရှည်ဆင်းရဲသူများမှာ ဤနေထိုင်မှု အခြေအနေနှင့် ပတ်သက်လျှင် အဆိုးရွားဆုံးဖြစ်ပြီး ဆင်းရဲသွားသူများ၊ ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူများ နှင့် မဆင်းရဲသူများမှာလည်း အစဉ်အလိုက်ဆိုးရွားသွားကြောင်းအတည်ပြုပါသည်။

ရေဇာစ်မြစ်များကို ချန်လှပ်ထားသော်လည်း ယခု အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် အကာအကွယ်ရှိသော ရေကန်ငယ်များပါဝင်ပါသည်။ (IHLCA မေးခွန်းများတွင် ကာကွယ်ထားသော စမ်း၊ ရေကန်ငယ် နှင့် မိုးရေ တို့အကြား ခွဲခြားဖော်ပြမထားပါ) ။ (၃) MDG ညွှန်ကိန်းတွင် အခြား တစ်ဆင့်ခံ ကောင်းမွန်သော ဇာစ်မြစ်ရရှိပါက သောက်ရေသန့်ဘူး ကို ထည့်သွင်းဖော်ပြသော်လည်း ယခု အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် သောက်ရေသန့်ဘူး ကိုချန်လှပ်ထားပါသည်။ (IHLCA မေးခွန်းပုံစံက အခြားဘေးကင်းသော တစ်ဆင့်ခံ ဇာစ်မြစ်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ အိမ်ထောင်စု၏ အဓိက သောက်သုံးရေ ဇာစ်မြစ်အတွက်သာ မေးခွန်းမေးမြန်းပါသည်။)

## ၅-၇ ။ ကျန်းမာရေး နှင့် အာဟာရ

ဇယား ၉ က ဆင်းရဲနွမ်းပါးမှု ဖြန့်စီကိန်း၏ အုပ်စုအမျိုးအစား အသီးသီး၌ ရှိသော အမျိုးစုံသည့် ကျန်းမာရေး အာဟာရ ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို ဖော်ပြပါသည်။ ပြောကြားချက်အရ (သိရှိရသည့်) နာမကျန်းဖြစ်ပွားမှု ညွှန်ကိန်းများကို စစ်တမ်းမကောက်မီ ရက် (၃၀)အတွင်း နာမကျန်းဖြစ်၍သော်လည်းကောင်း၊ ထိခိုက်ဒဏ်ရာရရှိ၍သော်လည်းကောင်း ဆေးရုံတက်ပြီး တစ်နေ့လုံး အိပ်ယာထက်တွင် နားနေရသည် (သို့မဟုတ်) နာမကျန်းဖြစ်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းတို့ကြောင့် အလုပ်အကိုင်လျော့ပေါ့ လုပ်ကိုင်ရသည်ဟု ပြောကြားသူဦးရေ ရာခိုင်နှုန်းအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုပါသည်[၆] ။ အသင့်အတင့် နှင့် အလွန်အမင်း အာဟာရချို့တဲ့ခြင်းဖြစ်မှု (ပုံမှန်အောက်ကိုယ်အလေးချိန်) မှာ အသက် ၅ နှစ်အောက် ကလေးများအတွက် ရည်ညွှန်းဦးရေ စံသတ်မှတ်ချက် ကိုယ်အလေးချိန်၏ စံတိမ်းချက် နှစ်ဆနှင့်သုံးဆအောက်ကျရောက်သည့်ဦးရေအချိုးဖြစ်ပါသည်။ကျန်းမာရေးစောင့်ရှောက်ခြင်းလက်လှမ်းမီ ရရှိမှုကို ဆေးရုံတစ်ရုံ (မြို့နယ်ဆေးရုံများ၊ အထူးကုပြည်သူ့ဆေးရုံကြီးများနှင့် တိုက်နယ်ဆေးရုံများ အပါအဝင်)သို့မဟုတ်ကျန်းမာရေးဌာန(ကျေးလက်ကျန်းမာရေး ဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ၊ မိခင်နှင့် ကလေးကျန်းမာရေးဌာနများ အပါအဝင် ) ၏တစ်နာရီ လမ်းလျှောက်အကွာအဝေး (၁.၂၃ မိုင်) အတွင်း နေထိုင်သူ လူဦးရေ အချိုးအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

ဇယား ၉ ။ ကျန်းမာရေး နှင့် အာဟာရ

| | ဆင်းရဲနွမ်းပါးမှု အကူးအပြောင်းများ | | | | ၂၀၁၀ ပြည့်နှစ်ဆင်းရဲနွမ်းပါးမှု |
|---|---|---|---|---|---|
| | ဆင်းရဲသွားသူများ | ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူများ | တာရှည် ဆင်းရဲသူများ | မဆင်းရဲသူများ | |
| ပြောကြားချက်အရ (သိရှိရသည့်) နာမကျန်းဖြစ်မှု | ၅.၁ (၀.၃၈) | ၆.၁ (၀.၄၈) | ၅.၀ (၀.၄၆) | ၅.၅ (၀.၂၉) | ၅.၁ (၀.၃၀) |
| အသင့်အတင့်အာဟာရချို့တဲ့မှု (ပုံမှန်အောက် ကိုယ်အလေးချိန်) | ၃၄.၂ (၃.၆၉) | ၃၄.၆ (၃.၅၈) | ၃၅.၆ (၃.၄၆) | ၃၀.၀ (၁.၄၅) | ၃၅.၂ (၂.၀၂) |
| အလွန်အမင်းအာဟာရချို့တဲ့မှု (ပုံမှန်အောက် ကိုယ်အလေးချိန်) | ၁၀.၇ (၁.၉၄) | ၉.၁ (၁.၇၃) | ၁၁.၆ (၂.၃၀) | ၉.၄ (၀.၉၄) | ၁၀.၂ (၁.၀၄) |
| ကျန်းမာရေးစောင့်ရှောက်မှုအားလက်လှမ်းမီရရှိမှု | ၇၉.၇ (၂.၁၂) | ၇၆.၁ (၃.၀၆) | ၇၁.၄ (၃.၀၂) | ၈၄.၀ (၁.၅၁) | ၇၇.၀ (၁.၈၀) |
| စားသုံးမှုအသုံးစရိတ်၏ ကျန်းမာရေးဝေစုအချိုး | ၄.၄ (၀.၅၉) | ၄.၄ (၀.၄၇) | ၃.၇ (၀.၃၃) | ၆.၀ (၀.၆၁) | ၃.၇ (၀.၂၄) |

ဇာစ်မြစ်: ။ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဆက်စပ်သော တွေ့ရှိချက် အရေးအတွက်အချို့ရှိပါသည်။

- ဆင်းရဲသွားသည့် အိမ်ထောင်စုများမှာ ပြောကြားချက်အရ (သိရှိရသည့်) နာမကျန်းဖြစ်မှု နှင့် အာဟာရချို့တဲ့မှုတို့တွင် တာရှည်ဆင်းရဲသူများနှင့် ဆင်တူကြပြီး ကျန်းမာရေးစောင့်ရှောက်ခြင်း လက်လှမ်းမီ ရရှိမှု နှင့် စားသုံးမှုအသုံးစရိတ်၏ ကျန်းမာရေးဝေစုအချိုးတွင်မူ ပိုမိုမြင့်မားကြပါသည်။ ဤကိန်းဂဏန်း အချက်အလက်များ စုပေါင်းပြီး ညွှန်ပြသည်မှာ ကျန်းမာရေး နှင့် ဆက်သွယ်သည့် ရုတ်ခြည်း တုန်လှုပ်ဖွယ်ရာ အပြောင်းအလဲများနှင့် ကုသခြင်းမခံရမှု တို့မှာ ဆင်းရဲသွားမှုနှင့် သက်ဆိုင်သည့် အဓိက အကြောင်းအချက်များမဟုတ်ကြောင်း ညွှန်ပြပါသည်။

[၆] မှတ်သားသင့်သည်မှာ ဆင်းရဲသူနှင့် မဆင်းရဲသူဦးရေအုပ်စုတို့၏ အခြေအနေကို နှိုင်းယှဉ်ရာတွင် နာမကျန်းဖြစ်မှုအကြောင်း ကိုယ်တိုင်ပြောကြားချက်များမှာ ဘက်လိုက်မှုများ ဖြစ်စေပါသည်။ အကြောင်းမူ ဆင်းရဲသော အုပ်စုများက နာမကျန်းဖြစ်မှုကို သတ်မှတ်ရာတွင် မြင့်မားသော 'စံ' ကို အသုံးပြုလေ့ရှိပြီး ဆေးရုံ သို့မဟုတ် အိပ်ယာထက်တွင် နားမနေနိုင်ပဲ အလုပ်ကိုလည်းလျော့ပေါ့ မလုပ်နိုင်ကြပါ။ ယူဆနိုင်သည်မှာ ဆင်းရဲနွမ်းပါးမှု အကူးအပြောင်း ဖြန့်စီကိန်းရှိ ဆင်းရဲနွမ်းပါးသောအုပ်စု အသီးသီးအတွက် နှိုင်းယှဉ်မှုပြုရာတွင် ဤဘက်လိုက်မှုများမှာ ပြင်းပြင်းထန်ထန်မဟုတ်ပဲ လျော့နည်းမှုမျိုးရှိပါသည်။

- ဆင်းရဲခြင်းမှလွတ်မြောက်သွားသည့် အိမ်ထောင်စုများမှာ ဆင်းရဲသွားသူများ နှင့် တာရှည်ဆင်းရဲသူများထက် ပြောကြားချက်အရ (သိရှိရသည့်) နာမကျန်းဖြစ်မှုတွင် ပိုမိုမြင့်မားသော်လည်း အာဟာရချို့တဲ့မှုတွင် ဤအုပ်စုနှစ်စု နှင့် ဆင်တူပါသည်။ ဤအိမ်ထောင်စုများမှာ ဆင်းရဲသွားသူများထက် ကျန်းမာရေး စောင့်ရှောက်ခြင်း လက်လှမ်းမီရရှိမှုတွင် ပိုမိုနိမ့်ကျပြီး စားသုံးမှု အသုံးစရိတ်၏ ကျန်းမာရေးဝေစု အချိုးများမှာမူ ဆင်တူကြပါသည်။ ဤကိန်းဂဏန်း အချက်အလက်များက ကျန်းမာရေး၊ အာဟာရနှင့် ဆင်းရဲခြင်းမှ လွတ်မြောက်မှုအကြား ထင်ရှားပြတ်သားသည့် ဆက်နွယ်မှုမရှိကြောင်း ညွှန်ပြပါသည်။
- အပိုင်း ၅-၇ တွင် ဖော်ပြခဲ့သည့် လူနေမှုအခြေအနေများဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များနှင့်မတူပဲ ဤကိန်းဂဏန်းအချက်အလက်များက ညွှန်ပြခြင်းမပြုသည်မှာ ကျန်းမာရေး နှင့် အာဟာရ ဆိုင်ရာ ထွက်ပေါ်လာသည့် ရလဒ်များအရ တာရှည်ဆင်းရဲသူများမှာ ဆင်းရဲသူများအနက် အဆင်းရဲဆုံးသော သူများဖြစ်ခြင်းဆိုသည့် အချက်ဖြစ်ပါသည်။

အချုပ်အားဖြင့် ကျန်းမာရေး နှင့် အာဟာရ ဆိုင်ရာ ညွှန်ကိန်းများ နှင့် ဆင်းရဲနွမ်းပါးမှု အကူးအပြောင်း ဖြန့်စီကိန်းရှိ ဆင်းရဲသော အမျိုးအစား အုပ်စု တစ်ခုချင်းကြားစီတွင် ထင်ရှားပြတ်သားသော ဆက်သွယ်မှုမရှိပါ။ ယင်းအချက်က ညွှန်ပြသည်မှာ ကျန်းမာရေးဆိုင်ရာ ရုတ်ခြည်း တုန်လှုပ်ဖွယ် အပြောင်းအလဲများမှာ ဆင်းရဲ နွမ်းပါးစေသည့် အဓိက အကြောင်းများမဟုတ်ကြောင်းဖြစ်ပါသည်။

## ၅-၈ ။ ပညာရေး

ဇယား ၁၀ က ဆင်းရဲနွမ်းပါးမှု အကူးအပြောင်း ဖြန့်စီကိန်း၏ အုပ်စုအမျိုးအစား အသီးသီး၌ ရှိသော ပညာရေးဆိုင်ရာ ညွှန်ကိန်းများ၏ ကိန်းဂဏန်းအချက်အလက်များကို ဖော်ပြပါသည်။ စာတတ်မြောက်မှုကို သာမာန်စာပိုဒ်တစ်ပိုဒ်အား အလွယ်တကူ ဖတ်ရှုနားလည်နိုင်ပြီး ရိုးရိုး သင်္ချာပုစ္ဆာများကို ဖြေရှင်းနိုင်သူများ သို့မဟုတ် ဒုတိယတန်းအထိ သင်ယူတတ်မြောက်သူများကို ရည်ညွှန်းပြီး အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ မူလတန်း ပညာအဆင့် အသားတင်ကျောင်းဝင်နှုန်းသည် ယင်းအဆင့်တွင် ကျောင်းအပ်နှံသည့် တရားဝင် မူလတန်း ကျောင်းနေအရွယ်ကလေး အရေအတွက်ကို တရားဝင် မူလတန်းကျောင်းနေအရွယ် ကလေးဦးရေ ၏ ရာခိုင်နှုန်းအဖြစ် ဖော်ပြခြင်းဖြစ်သည်။

ဇယား ၁၀ ။ ပညာရေး

| | ဆင်းရဲနွမ်းပါးမှု အကူးအပြောင်းများ | | | | ၂၀၁၀ ပြည့်နှစ် ဆင်းရဲ နွမ်းပါးမှု |
|---|---|---|---|---|---|
| | ဆင်းရဲ သွားသူများ | ဆင်းရဲခြင်းမှ လွတ်မြောက် သွားသူများ | တာရှည် ဆင်းရဲသူများ | မဆင်းရဲ သူများ | |
| စာတတ်မြောက်မှု | ၈၅.၉<br>(၁.၄၆) | ၈၉.၉<br>(၁.၀၉) | ၈၁.၄<br>(၁.၆၄) | ၉၃.၂<br>(၀.၅၅) | ၈၄.၃<br>(၁.၁၂) |
| မူလတန်းအဆင့်အသားတင်ကျောင်းဝင်နှုန်း | ၈၁.၇<br>(၂.၂၀) | ၉၀.၉<br>(၁.၅၇) | ၈၁.၇<br>(၁.၅၅) | ၉၀.၅<br>(၀.၈၃) | ၈၁.၃<br>(၁.၃၂) |
| စားသုံးမှု အသုံးစရိတ်ရှိ ပညာရေး ဝေစုအချိုး | ၁.၃<br>(၀.၁၃) | ၁.၅<br>(၀.၀၉) | ၁.၁<br>(၀.၁၀) | ၁.၉<br>(၀.၀၉) | ၁.၂<br>(၀.၀၇) |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဆက်စပ်နေသည့် အချက်နှစ်ချက်ရှိပါသည်။

- ဆင်းရဲသွားသည့် အိမ်ထောင်စုများမှာ တာရှည်ဆင်းရဲသူများထက် မြင့်မားသည့် စာတတ်မြောက်မှု နှုန်းများ ရှိပါသည်။ သို့သော်မူလတန်းပညာအဆင့် ကျောင်းဝင်နှုန်းများ နှင့် စားသုံးမှုအသုံးစရိတ်ရှိ ပညာရေး ဝေစုအချိုးများတူညီကြပါသည်။
- ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူများမှာ ဆင်းရဲသွားသူများထက် မြင့်မားသော စာတတ်မြောက်မှု နှုန်းနှင့် မူလတန်းပညာအဆင့် ကျောင်းဝင်နှုန်းများရှိကြပြီး ဤအုပ်စုနှစ်စုမှာ စားသုံးမှု အသုံးစရိတ်ရှိ ပညာရေး ဝေစုအချိုးများ တူညီကြပါသည်။

အချုပ်အားဖြင့် စာတတ်မြောက်မှု နှင့် မူလတန်း ပညာအဆင့် အသားတင် ကျောင်းဝင်နှုန်းမှာ ဆင်းရဲခြင်းမှ လွတ်မြောက်သွားမှုများနှင့် ဆက်နွယ်မှုရှိပြီး စာတတ်မြောက်မှုမှာ ဆင်းရဲသွားသူများအား တာရှည် ဆင်းရဲသူများမှ ခွဲခြားပစ်သည့် အချက်တစ်ရပ်လည်းဖြစ်ပါသည်။

## ၆ ။ ဖြေရှင်းမှု နှင့် ဘဝရှင်သန်မှုဆိုင်ရာ မဟာဗျူဟာများ

အပိုင်း ၂-၃ တွင်ဆွေးနွေးခဲ့သည့် နှင့် အညီ ဆင်းရဲနွမ်းပါးဖြစ်လွယ်မှု သို့မဟုတ် ဆင်းရဲတွင်း သို့ ကျဆင်းမှု ဖြစ်နိုင်ခြေ သို့မဟုတ် ပိုမိုလွန်ကဲသည့် ဆင်းရဲတွင်းသို့ ကျဆင်းမှု ဖြစ်နိုင်ခြေတို့မှာ အကြောင်းအချက်နှစ်ရပ် ကြောင့် ဖြစ်နိုင်ပါသည်။ ၎င်းတို့မှာ အကျဘက် ဖိအားများအား ထိတွေ့မှု နှင့် တုန့်ပြန်မှုတို့ဖြစ်ပါသည်။ ဤအပိုင်းတွင် ဤအချက်နှစ်ရပ်အနက် ဒုတိယ အချက်ဖြစ်သော ဖြေရှင်းမှုနှင့် ဘဝ ရှင်သန်မှုဆိုင်ရာ မဟာဗျူဟာများကို လေ့လာဖော်ပြပါသည်။ဇယား ၁၁ က အသေးစားပိုင်ဆိုင်သည့် ပစ္စည်းများရောင်းချခြင်း ဆိုင်ရာ သတင်းအချက်အလက်ကို ဖော်ပြပါသည်။ အသေးစားပိုင်ဆိုင်သည့် ပစ္စည်းများမှာ ရွှေ နှင့်/ သို့မဟုတ် လက်ဝတ်ရတနာများနှင့် အလားတူလျှဒါန်းခြင်း လက်ခံရရှိမှုများ ဖြစ်ပါသည်။ ဤကဲ့သို့သော လုပ်ဆောင်ချက်များက ဖြေရှင်းမှုနှင့် ဘဝရှင်သန်မှုဆိုင်ရာ မဟာဗျူဟာများ ဖြစ်သည် ဆိုပါက တစ်ဦးတစ်ယောက်အနေဖြင့် မျှော်လင့်နိုင်သည်မှာ ဤလုပ်ဆောင် ချက်များမှာ အသစ် ဖြစ်သော ဆင်းရဲသွားသူများနှင့် ဆက်နွယ်မှုရှိသည် ဆိုသည့်အချက်ဖြစ်ပါသည်။

ဇယား ၁၁ ။ ဖြေရှင်းမှုနှင့်ဘဝရှင်သန်မှုဆိုင်ရာမဟာဗျူဟာများ

| | ဆင်းရဲနွမ်းပါးမှု အကူးအပြောင်းများ | | | | ၂၀၁၀ ပြည့်နှစ်ဆင်းရဲနွမ်းပါးမှု |
|---|---|---|---|---|---|
| | ဆင်းရဲသွားသူများ | ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူများ | တာရှည်ဆင်းရဲသူများ | မဆင်းရဲသူများ | |
| ရွှေ နှင့် / သို့မဟုတ် လက်ဝတ်ရတနာများ ရောင်းချရသည့် အိမ်ထောင်စုများ (%, လွန်ခဲ့သော ၆လ) | ၁.၀၂ (၀.၃၄) | ၂.၀၁ (၀.၅၀) | ၀.၀၆ (၀.၀၆) | ၁.၆၃ (၀.၂၄) | ၀.၈၅ (၀.၁၆) |
| လှူဒါန်းမှု လက်ခံရရှိသည့် အိမ်ထောင်စုများ (%, လွန်ခဲ့သော ၆ လ) | ၃.၆၈ (၀.၇၉) | ၃.၆၆ (၀.၇၉) | ၄.၈၂ (၁.၄၅) | ၃.၆၂ (၀.၅၀) | ၃.၄၀ (၀.၆၈) |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဆက်စပ်သော အရေအတွက် အချို့ရှိပါသည်။

- အလွန်နည်းသည့် အိမ်ထောင်စုများသာ ရွှေ နှင့်/သို့မဟုတ် လက်ဝတ်ရတနာများကို ရောင်းချကြပါသည်။ ဆင်းရဲသွားသူများထက်ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူများ၏ ပိုမိုမြင့်မားသော ရာခိုင်နှုန်းက ဤရောင်းချမှုများ လုပ်ဆောင်ကြပါသည်။ ယင်းအချက်က ညွှန်ပြသည်မှာ ဤ ရောင်းချမှုမျိုးကို ဖြေရှင်းမှု/ ဘဝရှင်သန်မှုဆိုင်ရာ မဟာဗျူဟာများအဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသုံးမပြုခြင်းဖြစ်ပါသည်။
- စိတ်ဝင်စားဖွယ်ကောင်းသည်မှာ လှူဒါန်းမှု လက်ခံရရှိသည့် ဆင်းရဲသွားသော အိမ်ထောင်စုများ၏ ရာခိုင်နှုန်း၊ ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူများ၏ ရာခိုင်နှုန်းနှင့် မဆင်းရဲပဲ ဆက်ရှိနေသူများ၏ ရာခိုင်နှုန်းများမှာ တူညီနေခြင်းဖြစ်သည်။ ဤကဲ့သို့သော အိမ်ထောင်စု အရေအတွက်မှာ အလွန်နိမ့် ကျနေဆဲဖြစ်ပြီး တာရှည်ဆင်းရဲသူများကြားတွင်မှု ဤအရေအတွက်မှာ အမြင့်မားဆုံး ဖြစ်ပါသည်။

အချုပ်အားဖြင့် ရွှေ နှင့်/သို့မဟုတ် လက်ဝတ်ရတနာရောင်းချမှုများ သို့မဟုတ် လှူဒါန်းခြင်း လက်ခံ ရရှိမှုများမှာ ဖြေရှင်းမှု / ဘဝရှင်သန်မှုဆိုင်ရာ မဟာဗျူဟာများ ဖြစ်သည်ဟု မယူဆနိုင်ပဲ ယင်းလုပ် ဆောင်ချက်များမှာ ဆင်းရဲနွမ်းပါးမှု အကူးအပြောင်း ဖြန့်စီကိန်းရှိ အခြားသော ဆင်းရဲနွမ်းပါးမှုအုပ်စု အမျိုးအစားများမှ ဆင်းရဲသွားသူများကို ခွဲခြားပစ်ပါသည်။

# ၇ ။ အကျဉ်းချုပ် နှင့် နိဂုံးချုပ်

ဆင်းရဲနွမ်းပါးမှု ရွှေ့လျားပြောင်းလဲခြင်းသည် လူအများ ဆင်းရဲသွားခြင်း နှင့် ဆင်းရဲခြင်းမှ လွတ်မြောက်ခြင်း၏ ရွှေ့လျားစီးဆင်းမှု အကြောင်းကို ဖော်ပြ၍ အချိန်ကာလ တစ်ရပ် သို့မဟုတ် အချိန်မှတ်ကာလများအတွင်း ဆင်းရဲနွမ်းပါးသူ အရေအတွက် အကြောင်းကိုသာ ဖော်ပြသည် မဟုတ်ပါ။ သို့ဖြစ်ပါ၍ တစ်ဦးတစ်ယောက်ကို လူဦးရေ အုပ်စုလေးအုပ်စု အကြားခွဲခြားသိမြင်နိုင်ပါသည်။ ၎င်းလူဦးရေအုပ်စုလေးစု မှာ (၁) ဆင်းရဲသွားသူများ (၂) ဆင်းရဲခြင်းမှလွတ်မြောက်သူများ (၃) တာရှည်ဆင်းရဲသူများ (၄) မဆင်းရဲသူများ ဖြစ်ပါသည်။ *ဆင်းရဲနွမ်းပါးမှု ရွှေ့လျားပြောင်းလဲခြင်း ဆိုင်ရာ အစီရင်ခံစာ*မှာ အိမ်ထောင်စုများ၏ ကြီးမားသော ထပ်တူယူနစ်ကိန်းဂဏန်း အစု အပေါ် အခြေခံ၍ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု အကူးအပြောင်းများ၏ ပြဿနာများကို စနစ်တကျ ဖြေရှင်းရန် ပထမဦးဆုံးသော ကြိုးပမ်းချက်ဖြစ်ပါသည်။

*ဆင်းရဲနွမ်းပါးမှု ရွှေ့လျားပြောင်းလဲခြင်းဆိုင်ရာ အစီရင်ခံစာ*တွင် အသုံးပြုသည့် နည်းပညာဆိုင်ရာ ချဉ်းကပ်မှုမှာ အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း ဆင်းရဲနွမ်းပါးမှု အကူးအပြောင်း ဖြန့်စီကိန်းရှိ အဓိက အုပ်စု အမျိုးအစား လေးမျိုး၏ သရုပ်ဖော်စာရင်းအင်းများကို ဖော်ပြရန်ဖြစ်ပါသည်။ ဆင်းရဲနွမ်းပါး ဖြစ်လွယ်မှု သံသရာ (အပိုင်း ၂-၃ ) ၏ဆွေးနွေးမှု နောက်ပိုင်း ဆက်လက်ပြီး တုန်လှုပ်ဖွယ်ရာ ရုတ်ခြည်း အပြောင်းအလဲနှင့် ဖိစီးမှုများ၊ လူဦးရေဆိုင်ရာ ပင်ကိုလက္ခဏာများ နှင့် ဖြေရှင်းမှု နှင့် ဘဝရှင်သန်မှုဆိုင်ရာ မဟာဗျူဟာများ နှင့် ပတ်သက်သည့် ကိန်းဂဏန်းအချက်အလက်များကို ဖော်ပြပါသည်။ ဤကဲ့သို့သော သတင်းအချက်အလက် များမှာ ပိုမိုပုံမှန်ကျလာသော ပုံစံတည်ဆောက်ခြင်း (Modelling) အတွက် ပဏာမ လုပ်ဆောင်ချက်ဖြစ်ပါသည်။ ပုံစံတည်ဆောက်ခြင်းကို ထပ်တူ ယူနစ် ကိန်းဂဏန်း အချက်အလက်များ အပေါ်တွင် အခြေခံ၍ တည်ဆောက် နိုင်ပါသည်။

ဤကိန်းဂဏန်းအချက်အလက်များမှာ စိတ်ဝင်စားဖွယ်နှိုင်းယှဉ်ချက် အချို့ကို ဆောင်ရွက်စေနိုင်ပါသည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ဆင်းရဲသွားသူများနှင့် တာရှည်ဆင်းရဲသူများ၏ ပင်ကိုလက္ခဏာများကို နှိုင်းယှဉ်နိုင်ပါသည်။ ဤဆင်းရဲနွမ်းပါးသော အုပ်စုနှစ်ခုမှာ ဆင်းရဲနွမ်းပါးသူအရေအတွက်၏ စံပြုထားသည့် တည်ငြိမ် အခြေအနေအတွင်း နှိုင်းယှဉ်ဆန်းစစ်ချက်၌ ခွဲခြားမရသော အုပ်စုများ ဖြစ်ပါသည်။ (အပိုင်း ၂-၁ ကိုကြည့်ပါ)။
- ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူများ၏ ပင်ကိုလက္ခဏာများကို နှိုင်းယှဉ်နိုင်ပါသည်။
- တစ်ဖက်တွင် ဆင်းရဲသွားသူများ နှင့် တာရှည်ဆင်းရဲသူများ၏ ပင်ကိုလက္ခဏာများနှင့် အခြား တစ်ဖက် တွင် ၂၀၁၀ ပြည့်နှစ်ရှိ ဆင်းရဲသူများ၏ ပင်ကိုလက္ခဏာများကို နှိုင်းယှဉ်နိုင်ပါသည်(ဦးရေနမူနာ ကွဲလွဲသည့် အချက်ရှိငြားသော်လည်း)။

အစီရင်ခံစာ ၏ အဓိကတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- မုန်တိုင်းများ၊ ရေလွှမ်းမိုးမှုများ၊ ရေသေဝန်းရံဖုံးလွှမ်းမှုများမှာ တာရှည်ဆင်းရဲသူများထက် ဆင်းရဲသွားသူများ (သို့မဟုတ် ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူများ) နှင့် ပိုမိုနီးစပ်စွာ ဆက်နွယ်မှုရှိပါသည်။

- အလုပ်မရှိခြင်း၊ အလုပ်အကိုင်ဆုံးရှုံးခြင်း နှင့် မလုပ်မလုပ်ကိုင်နိုင်ခြင်းတို့မှာ တာရှည် ဆင်းရဲသူများ ထက် ဆင်းရဲတွင်းသက်ဆင်းသူများ နှင့် ပိုမိုနီးစပ်စွာ ဆက်နွယ်မှုရှိပြီး (ငယ်သော) အိမ်ထောင်စု အရွယ်မှာ ဆင်းရဲခြင်းမှ လွတ်မြောက်သွားသူများနှင့် နီးစပ်စွာ ဆက်နွယ်မှုရှိပါသည်။
- ဆင်းရဲသွားသူများမှာ တာရှည်ဆင်းရဲသူများထက် ကုန်ချောပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ ဆောက်လုပ်ရေး လုပ်ငန်းနှင့် လက်လီလက္ကား ရောင်းဝယ်ရေး / ပြင်ဆင်ရေးလုပ်ငန်းများ နှင့် ပိုမို ဆက်နွယ်ဟန် တူပါသည်။ ဤလုပ်ငန်းများမှာ ဆင်းရဲခြင်းမှလွတ်မြောက်သွားသူများ နှင့် လည်းပိုမိုနီးစပ်စွာ ဆက်နွယ်မှုရှိပါသည်။
- လယ်ယာစိုက်ပျိုးမြေအရွယ်မှာ ဆင်းရဲခြင်းမှ လွတ်မြောက်မှု နှင့် ဆက်နွယ်မှုရှိပြီး ယင်းအချက်က တာရှည်ဆင်းရဲသူများကို ဆင်းရဲသွားသူများမှ ခွဲခြားပေးပါသည်။
- လုပ်သားအင်အားနှင့် အလုပ်အကိုင်ရှိမှု၏ ကိန်းဂဏန်းအချက်အလက်များက စီးပွားရေး အရ မှီခိုမှုအချိုး နှင့် ပတ်သက်သည့် ကနဦး တွေ့ရှိချက်များကို ခိုင်မာစေပါသည်။ ယင်းတွေ့ရှိချက်များမှာ အလုပ်အကိုင် မရှိမှု၊ အလုပ်အကိုင်ဆုံးရှုံးမှု သို့မဟုတ် အလုပ်မလုပ်ကိုင်နိုင်မှုတို့မှာ ဆင်းရဲတွင်း သက်ဆင်းသွားသူများနှင့် ဆက်နွယ်မှု ရှိသည်ဆိုသည့် အချက်များဖြစ်ပါသည်။ မည်သို့ပင် ဖြစ်စေ အလွန်မြင့်မားသော လုပ်သားအင်အားပါဝင်မှုနှုန်းများ နှင့် နိမ့်ကျသော အလုပ်လက်မဲ့နှုန်းများက *ဆင်းရဲနွမ်းပါးမှု အစီရင်ခံစာ* (အပိုင်း ၅) တွင် အရေးကြီးသည့် ကောက်ချက်ဖြစ်သည့် အလုပ်အကိုင် မရှိမှုမှာ ဆင်းရဲနွမ်းပါးမှုအတွက် အဓိကပံ့ပိုးသော အချက်တစ်ခု မဟုတ်ကြောင်းကို အတည်ပြု ဖော်ပြပါသည်။
- အိုးအိမ်၊ သောက်သုံးရေ နှင့် အညစ်အကြေး သန့်ရှင်းရေး စနစ်နှင့် လျှပ်စစ်ဓာတ်အားရရှိမှု၏ ကိန်းဂဏန်း အချက်အလက်များက အတည်ပြုဖော်ပြသည်မှာ ဤလူနေမှုအခြေအနေများနှင့် ပတ်သက်လျှင် တာရှည် ဆင်းရဲသူများမှာ အဆိုးရွားဆုံးဖြစ်ပြီး ၎င်းနောက် ဆင်းရဲသွားသူများ၊ ဆင်းရဲခြင်းမှ လွတ်မြောက်သူများ နှင့် မဆင်းရဲသူများ အစဥ်အလိုက် ပါလာကြကြောင်းဖြစ်ပါသည်။
- ကူးပြောင်းမှု ဖြန့်စီကိန်း၏ အုပ်စု အမျိုးအစားတစ်ခုချင်းနှင့် ကျန်းမာရေး နှင့် အာဟာရ ဆိုင်ရာ ညွှန်ကိန်းများအကြား ထင်ရှားပြတ်သားသော ဆက်နွယ်မှုမရှိပါ။ ယင်းအချက်က ညွှန်ပြသည်မှာ ကျန်းမာရေး နှင့် ဆက်သွယ်သည့် ရုတ်ခြည်းဖြစ်ပေါ်သည့် အပြောင်းအလဲများမှာ ဆင်းရဲသွား စေသည့် အဓိကအကြောင်းအချက်များ မဟုတ်ကြောင်းဖြစ်ပါသည်။
- စာတတ်မြောက်မှုနှင့် မူလတန်းပညာအဆင့်အသားတင် ကျောင်းဝင်နှုန်းမှာ ဆင်းရဲခြင်းမှ လွတ်မြောက်မှုများနှင့် ဆက်နွယ်မှုရှိပါသည်။ သို့သော် စာတတ်မြောက်မှုက တာရှည်ဆင်းရဲ သူများမှ ဆင်းရဲသူများကို ခွဲခြားပေးပါသည်။

ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်း၏ ဆန်းစစ်လေ့လာမှုမှာ အနည်းဆုံးအကြောင်းအချက် သုံးရပ်ကြောင့် အရေးကြီးပါသည်။ ပထမအချက်မှာ အပိုင်း ၃[2] တွင် ဆွေးနွေးခဲ့သည့် နှင့် အညီ ရွေ့လျားပြောင်းလဲမှုမှာ အရွယ်ပမာဏကြီးသည့် ထူးခြားသည့် ဖြစ်စဥ်တစ်ရပ်ဖြစ်သည်ဟု ယူဆရပါသည်။ ဒုတိယအချက်မှာ ဆင်းရဲသွားသူများ နှင့် တာရှည်ဆင်းရဲသူများ၏ ပင်ကိုလက္ခဏာများမှာ အထက်တွင် ဖော်ပြသကဲ့သို့ သတ်သတ်မှတ်မှတ် ကွဲပြားနိုင်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းတို့အတွက် သင့်လျော်မှန်ကန်သည့် မူဝါဒ ဆိုင်ရာ တုန့်ပြန်မှုမှာ ကွဲပြားပါလိမ့်မည်။ နောက်ဆုံးအချက်အနေဖြင့် ဆင်းရဲခြင်းမှ လွတ်မြောက်

[2] ဤအချက်မှာ အပိုင်း ၂-၄ တွင် ဖော်ပြဆွေးနွေးသည့် တိုင်းတာချက်အမှားအတွက် ကြိုတင်သတိပြု စဥ်းစားရမည့် အကြောင်းအရာ တစ်ရပ်ဖြစ်ပါသည်။

သွားသူများ၏ ပင်ကိုလက္ခဏာများမှာ တိုးတက်သည့်လူနေမှုဘဝပြည့်စုံဖူလုံမှု လမ်းကြောင်းများ အတွက် အကြောင်းအချက် များကို ညွှန်ပြနိုင်ရန် အရေးကြီးပါသည်။

**UNDP Myanmar**
**No. (6), Natmauk Road, P.O. Box (650)**
**Yangon, 11211, Myanmar**
**Phone: +95 1 542910~19**
**Email: registry.mm@undp.org**
**Website: www.mm.undp.org**